# ကြေးမုံ

# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 30 January 2024 ၁၁၃၅၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းဆောင်ရွက်

## ကျောင်းသား၊ ဆရာမိဘ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအားလုံး အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ ပညာရေးကောင်းမွန်နိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


### ယနေ့ ဖတ်စရာ


နယ်ချဲ့လက်သစ်နိုင်ငံကြီးတွေဟာ မြန်မာနိုင်ငံကို ၎င်းတို့လိုရာပုံသွင်းဖို့အတွက် ဖိအားအမျိုးမျိုး၊ စွက်ဖက်မှုအဖုံဖုံ ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေးမှာ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ပြီး အတင်းအဓမ္မပြုလုပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ဒီမိုကရေစီအခွင့်အရေးဖောက်ဖျက်မှုစတဲ့ အမှုအမျိုးမျိုးနဲ့ ပုတ်ခတ်စွပ်စွဲလျက်ရှိပါတယ်။ အမျိုးသားသစ္စာဖောက်တွေက နယ်ချဲ့လက်သစ်အလိုကျ လုပ်ဇာတ်သတင်းတွေကို အကွက်ကျကျဖြည့်ဆည်းပေးပါတယ်။ ဆောင်းပါး စာမျက်နှာ » ၆

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၇၂)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် စာမျက်နှာ » ၁၁

ဂျပန် လဆင်းယာဉ်နှင့် အဆက်အသွယ် ပြန်လည်ရရှိခဲ့ဟု အာကာသအေဂျင်စီပြောကြား စာမျက်နှာ » ၁၃

လျှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများ အနေဖြင့် Standup Paddleboarding (SUP) စီးနင်းသူများပြားလာ စာမျက်နှာ » ၁၂

တရုတ်ဝယ်လိုအားကောင်းသဖြင့် နှမ်းဈေးကွက် အရောင်းသွက် စာမျက်နှာ » ၁၈

ကြေးမုံ

# ဒစ်ဂျစ်တယ်နည်းပညာ ထိရောက်စွာအသုံးချ

ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာအားလုံးကို လွှမ်းခြုံလည်ပတ်နေပြီဖြစ်သည်။ သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ထိရောက်စွာအသုံးချနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့်မျက်နှာစာအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးချနိုင်သည့်နိုင်ငံများသည် တိုးတက်အောင်မြင်ပြီး ရှေ့တန်းသို့ ရောက်လာကြသည်ကို တွေ့ရသည်။

မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာသည် တစ်ဟုန်ထိုး တိုးတက်မြင့်မားနေသဖြင့် မြန်မာနိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်ဘဲ လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ "ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ဦးရွက်ပြုလုပ်နေကြသည့် အသင်းအဖွဲ့များ၏ ငွေရတုအထိမ်းအမှတ် အခမ်းအနားကို "ဒစ်ဂျစ်တယ် မြန်မာသို့ Towards Digital Myanmar" ဟူသည့်ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ရာ နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေသော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိပြီး ဒစ်ဂျစ်တယ်လုပ်ငန်းစဉ်များကို များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ခေတ်နှင့်အညီတိုးတက်ပြောင်းလဲဖြစ်ပေါ်လာမှုများနှင့်အတူ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့် တက်လှမ်းနေသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးဆောင်ကော်မတီကို ဖွဲ့စည်းထားပြီး ကော်မတီက ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အတွက် အခြေခံကျပြီး အရေးအကြီးဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတစ်ဦးချင်းစီကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး မှတ်ပုံတင်ထားရေး e-ID စနစ်ကို ကူးပြောင်းရန်အတွက် National Database စနစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် လက်တွေ့အသုံးချမည်ဖြစ်သည်။

ထို့ပြင် တီထွင်ဖန်တီးမှုစွမ်းရည်ကိုမြှင့်တင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေပြီဖြစ်သည်။ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို တိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံအတွင်း ကျေးလက်ဒေသများပါမကျန် နေရာဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များကို ဖြန့်ကြက်ထားပြီးဖြစ်သည်။ ဆက်သွယ်ရေးကွန်ရက်များကို ပိုမိုဖြန့်ကြက်နိုင်သည်နှင့်အမျှ တိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများနှင့်အတူ Facebook၊ You tube၊ Telegram အစရှိသည့် ဆိုရှယ်မီဒီယာအသုံးပြုမှုများ ကျယ်ပြန့်ဖြစ်ထွန်းလာပြီး အများပြည်သူ အကျိုးရှိစွာ အသုံးပြုလာနိုင်မည်ဖြစ်သည်။

ဒစ်ဂျယ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ကောင်းကျိုးဖြစ်ထွန်းမှုများနှင့်အတူ ဆိုးကျိုးများကိုလည်း သတိပြုရမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာကို အသုံးပြုကြရာတွင် စနစ်တကျ အကျိုးရှိရှိ အသုံးပြုကြရန်လိုအပ်သည်။ မိမိတို့ အသုံးပြုမှုသည် အခြားသူများကို ထိခိုက်နစ်နာမှုများမဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏အမျိုးသားရေးစရိုက်လက္ခဏာများ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားများကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ရေစီးကြောင်းသည် မျက်မှောက်ကာလတွင် တန်ဖိုးရှိသော သတင်းအချက်အလက်များ သိုမှီးဖြန့်ဝေရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာ မရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်းအချက်အလက်စွန့်ပစ်ရာနေရာဖြစ်နေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာကို အန္တရာယ်ကင်းစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် သုံးစွဲသူတစ်ဦးချင်းအလိုက် အသိပညာဗဟုသုတများရှိရန်လိုအပ်သကဲ့သို့ စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၉၁ | ၁,၆၆၁,၇၀၀ |
| MTSH | ၂,၈၀၀ | ၂,၉၀၀ | ၈,၂၆၅ | ၂၃,၅၄၅,၂၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၇၇၄ | ၁,၁၆၄,၂၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၅၀ | ၃၇၅,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၇၉၅ | ၁,၅၁၁,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁ | ၄,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၆၆ | ၂၉၀,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးသည့်သီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်များ တိုးမြင့်လာပြီး ထုတ်လုပ်သူများအတွက် ဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် ဝယ်လိုအားများ မြင့်တက်လာမည်

**☆ စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်းမရရှိခြင်း၊ အထွက်နှုန်းနည်းခြင်းတို့နှင့်ပတ်သက်၍ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည့် မျိုးကောင်းမွန်မှုရှိစေရေး မျိုးကောင်းမျိုးသန့်ရရှိအောင်ဖန်တီးပေးနိုင်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေဩဇာများရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေး ဖန်တီးပေးနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်**

❍ ရှေ့ဖုံးမှ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များချမှတ် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်ဆိုသည်မှာ တိုင်းပြည်ကောင်းစေရန်အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ဦးဆောင်သည့် နိုင်ငံရေးပါတီ၊ ထိန်းကျောင်းပေးသည့် လွှတ်တော်များရှိပြီး မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့သည် အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစွာကျင့်သုံးသည့်ပုံစံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေပေးထားသည်ကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအနေဖြင့် ၎င်းတို့အားပေးထားသည့် လုပ်ပိုင်ခွင့်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှုမရှိသည်ကို တွေ့ရှိ ခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် အားမလိုအားမရမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် အစိုးရတစ်ခုနှင့်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မှုများ မတူညီမှုများရှိသဖြင့် လိုအပ်ချက်များရှိသည်ကိုတွေ့ရှိရသဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညီတူညီမျှတိုးတက်မှုရှိအောင်ဆောင်ရွက်စေခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခြင်းတွင် အဆိုပါအချက်များပါရှိပြီးဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးစီမံကိန်းတွင် နှစ်အလိုက်ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဖော်ပြထားကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ပြည်ထောင်စုအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အဓိကကျကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များအပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များကိုလည်း ကူညီဆောင်ရွက်ပေးရသည်များရှိကြောင်း၊ ထိုသို့ လုပ်ငန်းတာဝန်များ များပြားသဖြင့် အစိုးရအဖွဲ့များ၌ အတွေ့အကြုံရှိသည့် နိုင်ငံ့ဝန်ထမ်းအများစုကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ခန့်အပ်တာဝန်ပေးရာတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ယခင်ကလွဲမှားခဲ့သည့် လုပ်ငန်းရပ်များကို ပြန်လည်တည့်မတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် နိုင်ငံရေးအရတောင်းဆိုမှုများရှိလာသဖြင့် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရ ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောမဆောင်သည့် တုံ့ပြန်မှုများမရှိခဲ့ပါက ယခုထက်များစွာတိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း သုံးစွဲရန်လို**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဘတ်ဂျက်များသုံးစွဲရာတွင် အချို့လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးဆုံးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိပြီး သင့်တော်သည့်လုပ်ငန်းရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လိုကြောင်း။

အလားတူ နိုင်ငံ့စွမ်းပကားမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပြောင်းလဲနေသည့်ခေတ်မီနည်းပညာများကို အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက်လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိ**

နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ ယခင်အစည်းအဝေးများတွင် ပြောကြားပြီး ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှစတင်၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကိုတွေ့ရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးမှာ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုများလွဲမှားခဲ့မှုများနှင့် ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးပြဿနာများဖြစ်နေသည့်ကြားမှပင် နိုင်ငံ့စီးပွားရေးမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံရေးပြဿနာများဖြစ်ပွားမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ စသည့်အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ကြောင်း၊ ၂၀၂၃ - ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလအထိ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှလွဲ၍ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အပေါင်းလက္ခဏာပြခဲ့ကြောင်း။

**ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို မြှင့်တင် ဆောင်ရွက်ရမည်**

စီးပွားရေးတိုးတက်သော်လည်း မိမိတို့နိုင်ငံတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများရှိကြောင်း၊ အဓိကအားဖြင့် ထုတ်လုပ်မှုနှင့် လိုအပ်မှုကွာဟချက်များရှိခြင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားခြင်း စသည့်အချက်များကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်တက်လာပါက ထုတ်ကုန်များ၏ တန်ဖိုးမှာလည်း မြင့်တက်လာကြောင်း၊ ကုန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊ ဝယ်ယူခြင်းများကို ဆောင်ရွက်ရာတွင်လည်း အချို့မှာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် မညီစွာဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ အလားတူ Non Trade income များ အနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိစွာဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိမှုများ နည်းပါးသဖြင့် ငွေလဲလှယ်နှုန်းထားများ မြင့်တက်လာပြီး နိုင်ငံခြားမှတင်သွင်းရသည့် ကုန်ပစ္စည်းများ၏ သွင်းအားစု တန်ဖိုးမြင့်တက်လာခြင်းကြောင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကြီးမြင့်လာခြင်းဖြစ်ကြောင်း။

ပြည်တွင်းစားသုံးမှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းဆုံးနှင့်ထုတ်လုပ်ပြီး အမြတ်အနည်းဆုံးဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် စီးပွားရေးအခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးရန်မှာ မိမိတို့အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း။

စိုက်ပျိုးသည့်သီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်များ တိုးမြင့်လာပြီး ထုတ်လုပ်သူများအတွက် ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးသဘောတရားအရ ဝယ်လိုအားမြင့်တက်လာမည်ဆိုပါက ရောင်းလိုအားများလည်း မြင့်တက်လာမည်ဖြစ်သဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေများတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေးထုတ်လုပ်မှုများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ရန်လို**

စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်းမရရှိခြင်း၊ အထွက်နှုန်းနည်းခြင်းတို့နှင့်ပတ်သက်၍ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည့် မျိုးကောင်းမွန်မှုရှိစေရေး မျိုးကောင်းမျိုးသန့်ရရှိအောင်ဖန်တီးပေးနိုင်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေဩဇာများရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေး ဖန်တီးပေးနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ပြီး ယခုထက်ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည်လည်း အလားတူဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များအနေဖြင့် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်ကို ကောင်းစေလိုသည့်စိတ်ဖြင့် မိမိတို့အားပေးအပ်ထားသည့် တာဝန်များနှင့် ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သယံဇာတများထုတ်ယူသုံးစွဲရာတွင် စနစ်တကျဖြင့် ဆောင်ရွက်ရန်လို**

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နှစ်စဉ်လိုငွေပြလျက်ရှိပြီး ကုန်ထုတ်လုပ်မှုတွင်လည်း ဒေသတွင်းနိုင်ငံများထက် အားနည်းလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ရရှိမည်ဆိုပါက ပို့ကုန်ပစ္စည်းများတိုးတက်လာမည်ဖြစ်ပြီး ဥပမာအားဖြင့် ဆန်စပါး တစ်ခုတည်းကိုပင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း များစွာတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေး၊ အထွက်နှုန်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုများ ရရှိမှုအားနည်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် တိုက်ရိုက်သက်ဆိုင်နေသည့်ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် အလေးထား အားထည့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ❂

★ **တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်း ဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိစေရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သာဆောင်ရွက်**

★ **တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးတွင် မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ပြီး ဘက်လိုက်မှု မရှိဘဲ စည်းမျဉ်းစည်းကမ်းအတိုင်းသာဖြစ်ရမည်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်းကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❂ စာမျက်နှာ ၃ မှ

မိမိအနေဖြင့် မြေပေါ်မြေအောက်သယံဇာတများ ထုတ်ယူရောင်းချခြင်းကို အားမပေးသော်လည်း ပြန်လည်ပြည့်ဖြိုးနိုင်သည့်၊ ဖြည့်တင်းနိုင်သည့် ကိစ္စရပ်များကို နိုင်ငံတော်၏လိုအပ်ချက်အရ ခွင့်ပြုပေးထားကြောင်း၊ သစ်တောသယံဇာတများ ထုတ်ယူ၍ လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်သည်ဖြစ်သော်လည်း ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ စဉ်ဆက်မပြတ်သည့် သယံဇာတနှင့် သဘာဝကို ပျက်စီးမှုမရှိအောင် စနစ်တကျဆောင်ရွက်ရမည် ဖြစ်ကြောင်း။

**တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျဆောင်ရွက်ရန်လို**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍လည်း အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများရှိပြီး လုံခြုံရေးနှင့်ပတ်သက်ပါက တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်စေလိုကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်းဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိစေရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးကင်းရှင်းသည့်အစိုးရဖြစ်ပြီး နိုင်ငံရေးအစိုးရမဟုတ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း နိုင်ငံ့ဝန်ထမ်းများကိုသာ အဆင့်အလိုက် တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးတွင် မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ပြီး ဘက်လိုက်မှုမရှိဘဲ စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဖြစ်ရမည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများအတွက် ချီးမြှင့်ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထားမတိုးမြှင့်ပေးနိုင်ခဲ့သော်လည်း အခြားထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဓိကမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းပေးနိုင်ရန်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ကုန်ဈေးနှုန်း ကျဆင်းရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ပင်စင်ခံစားခွင့်နှုန်းထားများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ချီးမြှင့်မှုများတွင် ပညာရပ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာစသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိသကဲ့သို့ နေထိုင်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျဖြင့် အဆင်ပြေချောမွေ့မှုရှိစေရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**မကြာမီကျင်းပမည့် အခြေခံပညာကျောင်း စာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို**

ပညာရေးနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနယ်မြေများ၌ နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိကြောင်း၊ ဥပမာအားဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့ရှိ အချို့သောမြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး တတ်နိုင်သမျှ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးထားသော်လည်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်သူများကြောင့် မဖွင့်လှစ်နိုင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် များစွာထိခိုက်နစ်နာရလျက်ရှိကြောင်း၊ လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင်အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွ ဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖျက်အမှောင့်လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကို ထိခိုက်နစ်နာအောင် လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအရေးကြီးသည်မှာ အခြေခံပညာကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာပြီးမြောက်စေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ဆရာ၊ မိဘများအားလုံး အင်ပြည့်အားပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှတင်သွင်းရသည့် သွင်းကုန်များတွင် ဘိလပ်မြေသည်လည်း တင်သွင်းရသည့် သွင်းကုန်တစ်ခုဖြစ်ကြောင်း၊ ပြည်တွင်း၌အဆင့်မြင့်ဘိလပ်မြေကို ထုတ်လုပ်နိုင်မှုမရှိသော်လည်း အခြေခံဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဘိလပ်မြေများကို လုံလောက်စွာထုတ်လုပ်နိုင်ကြောင်း၊ နိုင်ငံအတွင်းရှိ ဘိလပ်မြေစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး လိုအပ်သည့်သွင်းအားစုများရရှိအောင် အဓိကသက်ဆိုင်သည့် စက်မှုဝန်ကြီးဌာန၏ ကြိုးစားဆောင်ရွက်မှု၊ နီးနွယ်ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘိလပ်မြေကို မိမိတို့ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ထို့အတူ သံနှင့်သံမဏိသည်လည်း တည်ဆောက်ရေး လုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းဖြစ်ကြောင်း၊ အဆိုပါ သံမဏိများကိုလည်း နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ သံနှင့်သံမဏိကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် သံမဏိစက်ရုံများ လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း သံနှင့်သံမဏိလုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပါဝင်စားစွာ ရင်းနှီးမြှုပ်နှံလာအောင် စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း။

လျှပ်စစ်နှင့်ပတ်သက်၍ နိုင်ငံတော်က ဆောင်ရွက်နေသည့် စီမံကိန်းကြီးများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားလျှပ်စစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

★ **ပညာရေးနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနယ်မြေများ၌ နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိ**

★ **ဥပမာအားဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့ရှိ အချို့သောမြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိ**

★ **မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး တတ်နိုင်သမျှ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးထားသော်လည်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်သူများကြောင့် မဖွင့်လှစ်နိုင်ရခြင်းဖြစ်၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် များစွာထိခိုက်နစ်နာရလျက်ရှိ**

★ **လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင်အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည် ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထား ဆောင်ရွက် သွားကြရမည်**

## ပြည်တက္ကသိုလ်၌ လောကနီတိနှင့် လူမှုကျင့်ဝတ်များသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပြည် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသည့် "လောကနီတိနှင့် လူမှုကျင့်ဝတ်များ" သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် Theatre ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းတက်ရောက်သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းပို့ချသော ဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ခဲ့ပြီးသင်တန်းသား သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယနေ့သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ တက်ရောက်ကြပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ ဆိုလာစနစ်စိုက်ပျိုးရေရရှိရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အတူ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော 7.7 KW Solar & 5.5 HP Surface Pump ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆိုလာစနစ် ရေရရှိရေးကို လက်တွေ့ဆောင်ရွက်မည့် တောင်သူများ စနစ်တကျ မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး သင်တန်းပို့ချပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများ၊ သမဝါယမအသင်းသားတောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရ အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိစိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ပံ့ပိုးကာ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး အတွက် ဆောင်ရွက်ပေးနေပါကြောင်း၊ တောင်သူများအနေဖြင့် ယခု ဆောင်ရွက်ပြီးစီးသည့် ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို စွမ်းအားပြည့် အသုံးချကာ တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့် သွင်းအားစု၊ မျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် မိမိတို့ဝန်ကြီးဌာနက ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် တောင်သူများက တက်ကြွစွာဖြင့် အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆိုလာစနစ်စိုက်ပျိုးရေရရှိရေးလုပ်ငန်းအနေဖြင့် အိမ်ခြေ ၂၃၉ အိမ်၊ လူဦးရေ ၈၅၉ ဦးရှိ မန်ကျီးပင်ကျေးရွာမှ စိုက်ပျိုးတောင်သူ ၁၂၀ ၏ မြေဧက ၉၀၀ အနက် တောင်သူ ၅၆ ဦး၏ မြေ ၂၀၇ ဧကကို ရာသီမရွေး စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းလုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများအား အသိပေးရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းလုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများအား အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင်ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးလွင်က Tobacco Legislation နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မကူးစက်)ဒေါက်တာသီတာဝင်းက မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှု အခြေအနေအား တင်ပြသည်။



ဆက်လက်၍အမိန့်စာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်း လမ်းညွှန်ချက်များ၊ မကူးစက်နိုင်သော ရောဂါများ၊ ကာကွယ်နှိမ်နင်းရေး ဌာနခွဲမှ လုပ်ငန်းလမ်းညွှန်ချက်များ၊ အမိန့်စာပါ ပြဋ္ဌာန်းချက်များ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်နှင့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် ထုပ်ပိုးမှုပုံစံများအား ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက ဘေးအမျိုးမျိုးကြုံတွေ့လာပါက မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လူမျိုးရေးခွဲခြားမှုမရှိဘဲ မွန်မြတ်သည့်ပရဟိတစိတ်၊ လူမှုကရုဏာစိတ်များဖြင့် ကူညီဆောင်ရွက်ခြင်းကိုသာ လုပ်ဆောင်ကြစေလိုကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ် လေ့ကျင့်နေကြရန်လိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ၁၈.၁၂.၂၀၂၃ မှ ၁၂.၁.၂၀၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ ပုသိမ်ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနများမှ သန္ဓေတပ်ဖွဲ့ဝင် ၄၀ စုစုပေါင်း ၅၀ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းဆင်းပွဲတွင် သင်တန်းမှ သင်ကြားပေးသည့် ကယ်ဆယ်ရေးလုပ်ငန်းသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၂၆၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၉-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၁-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၂၆၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကျင့်ဝတ်ဖောက်ဖျက်တဲ့ အဖျက်မီဒီယာတွေကို ပြင်းထန်စွာ ရှုတ်ချပါတယ်

ကိုရင်မောင်

ထိုင်းနိုင်ငံအခြေစိုက် TNN ဆိုတဲ့ အွန်လိုင်းမီဒီယာတစ်ခုရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းသုံးသပ်ချက်တစ်ခုကို ဇန်နဝါရီလ ၂၃ ရက်နေ့က တွေ့ရှိလိုက်ရပါတယ်။ သတင်းသုံးသပ်ချက်စာသားမှာ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မြန်မာ့တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ပြဿနာတွေကို ဆွေးနွေးသုံးသပ်ထားပါတယ်။ သုံးသပ်ချက်မှာ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သုံးဖွဲ့ ပူးပေါင်းပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစလို့ တိုက်ပွဲတွေ ဖော်ဆောင်လာတာကို အစချီထားပါတယ်။

ဒီမီဒီယာဟာ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေနဲ့ပတ်သက်လို့ ပြောလိုရင်းကနေ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဘက် လှည့်ပြီး သွေးထိုးလှုံ့ဆော်ထားတာကို တွေ့ရပါတယ်။ အိန္ဒိယ–မြန်မာနယ်စပ်က အခြေအနေကို မီးမောင်းထိုးပြပြီး အစဉ်အဆက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တဲ့ အိန္ဒိယနိုင်ငံကိုပါ လှုံ့ဆော်ပေးတာ တွေ့လိုက်ရပါတယ်။ ဒါ့အပြင် ARSA အကြမ်းဖက်သမားတွေကြောင့် တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီပြဿနာတွေကိုပါ ပုံဖော်လာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ပါ လှုံ့ဆော်ပေးတာ တွေ့ရပြန်ပါတယ်။ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း တရုတ်–မြန်မာနယ်စပ်အနီးမှာ ဖြစ်ခဲ့တဲ့အခြေအနေတွေမှာ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို တပ်မတော်က သိမ်းယူတယ်လို့ မဟုတ်မမှန် ပြောဆိုပြန်ပါတယ်။ အဆိုပါမီဒီယာဟာ သူတစ်ပါးနိုင်ငံကို အပြစ်ပြောလိုဇောနဲ့ ထင်ရာမြင်ရာ ဟိုရောက်ဒီရောက်ပြောနေတဲ့ အဆင့်နိမ့်တဲ့မီဒီယာ ဖြစ်ပါတယ်။

## လုပ်ကြံဖန်တီး

ဒါ့အပြင် တရုတ်–မြန်မာနယ်စပ်မှာ တင်းမာမှုတွေဖြစ်ပွားတာဟာ မြန်မာနိုင်ငံရဲ့ ဟိုးအနောက်မြောက်ပိုင်းက ဘင်္ဂါလီတွေနဲ့ အခြားမူစလင်အသိုင်းအဝိုင်းတွေအပေါ် အကျိုးသက်ရောက်မှုဖြစ်စေတယ်လို့ မဆီမဆိုင် လက်ပံသားကို ဓားနဲ့ချိုင်လာပြန်ပါတယ်။ ထိုင်းနိုင်ငံက အွန်လိုင်းမီဒီယာတစ်ခုရဲ့ ပြောဆိုမှုတွေဟာ ထိုင်းနိုင်ငံအစိုးရနဲ့ မသက်ဆိုင်သော်လည်း မီဒီယာကျင့်ဝတ်ကို ဖောက်ဖျက်ပြီး ပြည်တွင်းရေးကို နှောင့်ယှက်တာဖြစ်လို့ မျက်နှာပျက်စေပါတယ်။ နောက်ဆုံးမှာတော့ အဆိုပါထိုင်းမီဒီယာရဲ့ ရည်ရွယ်ချက်ကို အထင်အရှားတွေ့လိုက်ရပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး နိုင်ငံတကာက အာရုံစိုက်ဖို့၊ ထိခိုက်ခံစားရတဲ့ ဘင်္ဂါလီတွေအတွက် အထောက်အပံ့ပေးမှုတွေရဖို့၊ သူ့ရဲ့သတင်းမီဒီယာကို စိတ်ဝင်စားသူတွေ မြင့်တက်လာဖို့ ဖန်တီးလိုက်တာ ထင်ရှားပါတယ်။

ထိုင်းနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို လွတ်လပ်စွာ ကျင့်သုံးတဲ့နိုင်ငံဖြစ်လို့ ထိုင်းနိုင်ငံမှာရှိတဲ့ မီဒီယာတွေ လွတ်လွတ်လပ်လပ် ရေးသားထုတ်ဖော်ကြတာကို အပြစ်မပြောလိုသော်လည်း မီဒီယာကျင့်ဝတ်ကို ဖောက်ဖျက်ကာ သူတစ်ပါးနိုင်ငံ ပြည်တွင်းရေးမှာ မဟုတ်မမှန် ဝင်ရောက်စွက်ဖက်လှုံ့ဆော်ပြီး မီဒီယာရေချိန်တက်လာအောင် ပြုလုပ်တာကိုတော့ ပြင်းပြင်းထန်ထန်ရှုတ်ချပါတယ်။ တကယ်တော့ သတင်းလွတ်လပ်ခွင့်တွေ ရနေတဲ့ ထိုင်းမီဒီယာတွေဟာ အခုမှကျင့်ဝတ်ဖောက်ဖျက်ပြီး လုပ်လာကိုင်လာတာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလများ ကတည်းက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်နှောင့်ယှက်တာတွေ ရှိခဲ့ပါတယ်။ အခုမီဒီယာကတော့ နောက်မှပေါက်လာတဲ့ အကျင့်ပျက်မီဒီယာတစ်ခုဖြစ်ပါတယ်။ အဲဒီအွန်လိုင်းမီဒီယာရဲ့ လက်ရှိတင်ဆက်မှုတွေကို လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ၊ ဘင်္ဂါလီအရေးကိစ္စတွေကို မဟုတ်မမှန်၊ ရေလာမြောင်းပေး အသားပေးဖော်ပြနေတာကို တွေ့ရပါတယ်။

## လှုံ့ဆော်ပေးခဲ့

ထိုင်းနိုင်ငံက မီဒီယာအချို့ဟာ မြန်မာ့နိုင်ငံရေး

> “နယ်ချဲ့လက်သစ်နိုင်ငံကြီးတွေဟာ မြန်မာနိုင်ငံကို ၎င်းတို့ လိုရာပုံသွင်းဖို့အတွက် ဖိအားအမျိုးမျိုး၊ စွက်ဖက်မှုအဖုံဖုံ ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေးမှာ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ပြီး အတင်းအဓမ္မပြုလုပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ဒီမိုကရေစီအခွင့်အရေးဖောက်ဖျက်မှုစတဲ့ အမှုအမျိုးမျိုးနဲ့ ပုတ်ခတ်စွပ်စွဲလျက်ရှိပါတယ်။ အမျိုးသားသစ္စာဖောက်တွေက နယ်ချဲ့လက်သစ်အလိုကျ လုပ်ဇာတ်သတင်းတွေကို အကွက်ကျကျဖြည့်ဆည်းပေးပါတယ်။ အနောက်နိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနအချို့နဲ့ပူးပေါင်းပြီး အခြေအမြစ်မရှိတဲ့သတင်းမှားတွေကို ကမ္ဘာသိအောင် ထုတ်လွှင့်ပေးခဲ့ပါတယ်။ အစောပိုင်းက ထိုင်းနိုင်ငံက ဘန်ကောက်ပို့စ်၊ နေးရှင်းသတင်းဌာနတွေက မြန်မာနိုင်ငံပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး ဘက်လိုက်သတင်းတွေ ရေးသားခဲ့”

အခြေအနေ အပြောင်းအလဲဖြစ်ပေါ်တဲ့အခါမှာ စွက်ဖက်နှောင့်ယှက်မှုတွေ ပြုလုပ်လေ့ရှိပါတယ်။ အဲဒီစာနယ်ဇင်းတွေဟာ သူ့ချည်းသက်သက် အကြောင်းမဲ့လုပ်တာတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စွက်ဖက်နှောင့်ယှက်ဖို့အတွက် နောက်ခံအကြောင်းတရားတွေ၊ အားပေးအားမြှောက်မှုတွေ၊ ဆက်နွှယ်မှုတွေ၊ အထောက်အပံ့တွေရှိကြပါတယ်။ ယနေ့မြန်မာနိုင်ငံအပေါ် နှောင့်ယှက်ဖျက်ဆီးနေတဲ့ အနောက်နိုင်ငံကြီးရဲ့ အထောက်အပံ့ခံ ပြည်ပအခြေစိုက် ပြည်ဖျက်မီဒီယာတွေနဲ့ တစ်ဂိုဏ်းတည်း၊ တစ်ကြံတည်း အပေါင်းပါတွေပဲ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံ ပြိုကွဲပျက်စီးလုနီးပါးဖြစ်နေချိန်၊ မငြိမ်မသက်ဖြစ်နေချိန်မှာ အနောက်နိုင်ငံကြီးတွေအလိုကျ ရေလာမြောင်းပေး၊ အားပေးအားမြှောက်၊ သွေးထိုးလှုံ့ဆော်ပေးခဲ့ကြတဲ့ အထောက်အထားတွေရှိပါတယ်။

နယ်ချဲ့လက်သစ်နိုင်ငံကြီးတွေဟာ မြန်မာနိုင်ငံကို ၎င်းတို့ လိုရာပုံသွင်းဖို့အတွက် ဖိအားအမျိုးမျိုး၊ စွက်ဖက်မှုအဖုံဖုံ ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေးမှာ ပြောင်ပြောင်တင်းတင်းဝင်ရောက်စွက်ဖက်ပြီး အတင်းအဓမ္မပြုလုပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ဒီမိုကရေစီ အခွင့်အရေးဖောက်ဖျက်မှုစတဲ့ အမှုအမျိုးမျိုးနဲ့ ပုတ်ခတ်စွပ်စွဲလျက် ရှိပါတယ်။ အမျိုးသားသစ္စာဖောက်တွေက နယ်ချဲ့လက်သစ်အလိုကျ လုပ်ဇာတ်သတင်းတွေကို အကွက်ကျကျဖြည့်ဆည်းပေးပါတယ်။ အနောက်နိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနအချို့နဲ့ပူးပေါင်းပြီး အခြေအမြစ်မရှိတဲ့သတင်းမှားတွေကို ကမ္ဘာသိအောင် ထုတ်လွှင့်ပေးခဲ့ပါတယ်။ အစောပိုင်းက ထိုင်းနိုင်ငံက ဘန်ကောက်ပို့စ်၊ နေးရှင်း သတင်းဌာနတွေက မြန်မာနိုင်ငံပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး ဘက်လိုက်သတင်းတွေ ရေးသားခဲ့ပါတယ်။ အခုတစ်ဖန် ထိုင်းနိုင်ငံက TNN အွန်လိုင်းမီဒီယာက စွက်ဖက်နှောင့်ယှက်မှုတွေ လုပ်လာခဲ့ပါတယ်။

## မီးလောင်ရာလေပင့်

နိုင်ငံတော်အစိုးရက နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်အောင် မည်သို့ပင်ဆောင်ရွက်နေစေ နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူလိုကြတဲ့သူတွေ၊ အမျိုးသားသစ္စာဖောက်တွေက အနောက်နိုင်ငံကြီးတွေရဲ့ အားပေးအားမြှောက် ပြုလုပ်ပေးမှုနဲ့ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်ကြတဲ့အခါမှာ ပွဲလန့်တုန်းဖျာခင်းချင်တဲ့၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်လိုတဲ့ အဖျက်သမားသောင်းကျန်းသူတွေက အကွက်ကောင်းစောင့် တိုက်ပွဲတွေဖော်ဆောင်လာကြပါတယ်။ တိုင်းပြည်ကို ပျက်စီးအောင် ပြုလုပ်နေကြတဲ့အခြေအနေတွေကို အနောက်နိုင်ငံကြီးတွေက မသိကျိုးကျွန်ပြုနေကြသလို ပြည်ပက သတင်းဌာနအချို့ကလည်း မဟုတ်မမှန် လုပ်ကြံသတင်းတွေထုတ်လွှင့်ပြီး မီးလောင်ရာ လေပင့်ပေးကြပါတယ်။

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေဟာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးစကာလက ရန်ကုန်အစိုးရလို့ပဲ ခေါ်ရတော့မလို လက်နက်ကိုင်သောင်းကျန်းသူတွေဟာ နိုင်ငံတစ်ဝန်းက မြို့ရွာတွေကို သိမ်းပိုက်ထားခဲ့ပါတယ်။ အဲဒီအခြေအနေမှာတောင် တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ရှိတဲ့အင်အားနဲ့ တိုင်းပြည်ကို ကယ်တင်စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း သောင်းကျန်းသူအဖျက်သမားတွေရဲ့ လုပ်ရပ်တွေကို သိမြင်ပြီး တပ်မတော်နဲ့အတူ လက်တွဲပါဝင် ဆောင်ရွက်ခဲ့ကြပါတယ်။ ခေတ်အဆက်ဆက်မှာ တပ်မတော်က အင်အားအကြီးမားဆုံး ဗကပနဲ့ ကေအင်န်ဒီအိုသောင်းကျန်းသူတွေကို အမြစ်ကမကျန် ချေမှုန်းရှင်းလင်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ အဆွယ်အပွားတွေက သောင်းကျန်းသူမျိုးဆက်မပြတ်အောင် နည်းမျိုးစုံနဲ့ အသက်ဆက်ခဲ့ကြပါတယ်။

## အတိုင်အဖောက်ညီ

လက်နက်ကိုင် သောင်းကျန်းသူတွေဟာ နယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးရောင်းဝယ်တာ၊ သယံဇာတတွေ ခိုးထုတ်တာတွေကနေ ဝင်ငွေအများအပြားရရှိလာပြီး လက်နက်စုဆောင်းတာ၊ လူသစ်စုဆောင်းတာတွေပြုလုပ်ကာ အင်အားတောင့်တင်းအောင် ပြုလုပ်ခဲ့ကြပါတယ်။ တစ်ဖက်မှာ တပ်မတော်က တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းဆိုတဲ့ မိသားစုစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးကို အလေးထားပြီး ဆောင်ရွက်ပေးနေတာကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဖန်တီးလာကြတာတွေကို သမိုင်းကြောင်းအရရော ယနေ့မျက်မြင်အခြေအနေတွေအရပါ အားလုံး သိကြမှာဖြစ်ပါတယ်။ တိုင်းပြည်မှာ နိုင်ငံရေး၊ စစ်ရေး မတည်ငြိမ်မှုဖြစ်နေတဲ့အခါမှာ မြွေပူရာကင်းမှောင့်ဆိုသလို မဟုတ်မမှန် လုပ်ကြံပုံကြီးချဲ့ပြီး တိုင်းပြည်မပျက်စီး ပျက်စီးအောင်၊ မပြိုကွဲ ပြိုကွဲအောင် အမနာပပြောဆိုနေကြတဲ့ ပြည်တွင်းသစ္စာဖောက် ပြည်ပအခြေစိုက် ပြည်ဖျက်မီဒီယာတွေနဲ့ ပြည်ပအချို့သတင်းဌာနတွေဟာ အတိုင်အဖောက်ညီလှပါတယ်။

TNN အပါအဝင် ပြည်ဖျက်မီဒီယာတွေဟာ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေရဲ့ ဥပဒေမဲ့လုပ်ရပ်တွေ၊ အကြမ်းဖက်လုပ်ရပ်တွေကို မျက်ကွယ်ပြုပြီး ဒီမိုကရေစီကို တည့်မတ်မှန်ကန်အောင် အကောင်အထည်ဖော်နေတဲ့၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောအောင်၊ ပြည်သူတွေ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အစိုးရကို ဖျက်လိုဖျက်ဆီးပြုလုပ်တာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံလိုပဲ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ပါတယ်။ TNN သတင်းဌာနက ထိုင်းလူမျိုးတွေဟာလည်း ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ဟန်တူပါတယ်။ ဒါပေမဲ့ မကြာသေးမီက ရှမ်းပြည်နယ်မြောက်ပိုင်းမှာ သောင်းကျန်းသူတွေက ဘုရားစေတီပုထိုးတွေကို ထုရိုက်ဖျက်ဆီးနေတာတွေကို သတင်းမဟုတ်သလို မသိကျိုးကျွန်ပြုနေတာဟာ အံ့ဩစရာပါပဲ။ မီဒီယာရဲ့ တာဝန်မှန်းသိလျက်နဲ့ ကျင့်ဝတ်မလိုက်နာဘဲ ဘက်လိုက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

## သတင်းမှားလုပ်ကြံ

TNN အွန်လိုင်းသတင်းဌာနအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေကို အကြောင်းပြုပြီး ဘင်္ဂါလီအရေးကို ရှေ့တန်းတင်လာတာဟာ အလွန်ဆိုးရွားတဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း မူစလင်ပြဿနာတွေ၊ ပဋိပက္ခတွေရှိခဲ့ပါတယ်။ ရှိပေမယ့်လည်း သူတို့နိုင်ငံပြဿနာကြီးထွားလာအောင် ပြုလုပ်ခဲ့တာ မတွေ့ရပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဘင်္ဂါလီအရေးကိစ္စကို သွေးထိုးလှုံ့ဆော်ပေးလိုက်တာဟာ မရိုးမသားလုပ်ဆောင်လိုက်တာ ပေါ်လွင်နေပါတယ်။ နိုင်ငံတကာက မြန်မာနိုင်ငံကို ဘင်္ဂါလီအရေးနဲ့ပတ်သက်ပြီး သတိရ၊ အာရုံစိုက်မှုပိုလာအောင် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလိုက်တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံက မီဒီယာအချို့ဟာ ကျင့်ဝတ်တွေကို မလိုက်နာဘဲ ဘက်လိုက်မှုတွေ၊ မဟုတ်မမှန်ရေးသားမှု ပြုလုပ်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ထိုင်းနိုင်ငံက ယာဉ်တိုက်မှုဖြစ်စဉ် ဓာတ်ပုံဟောင်းကို အသုံးပြုပြီး ထိုင်းစစ်တပ်က မြန်မာတွေကို ပစ်မိန့်ပေးထားသယောင် သတင်းမှား၊ လုပ်ကြံသတင်းတွေ ဖြန့်ဝေခဲ့ဖူးပါတယ်။

TNN အွန်လိုင်းမီဒီယာလိုပဲ ထိုင်းနိုင်ငံ ချင်းမိုင်နယူးစ်၊ ထိုင်းရတ်အစရှိတဲ့ ထိုင်းမီဒီယာအချို့က ကျင့်ဝတ်ဖောက်ဖျက်လို့ ထိုင်းမီဒီယာကောင်စီကို ဌာနေတိုင်းရင်းသားတွေက ဆန္ဒပြတောင်းဆို ဖြေရှင်းပေးဖို့ ပြုလုပ်ခဲ့တာ တွေ့ရှိခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ❖

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ တိုးဂိတ်များ၊ ယာဉ်နားစခန်းနှင့် အမြန်လမ်းမကြီး ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ ဖြူးတိုးဂိတ်မှ လမ်းအသုံးပြုခ ကောက်ခံနေသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဖြူး(Rest Camp) ယာဉ်ရပ်နားစခန်းအတွင်းရှိ EV Charging Station အသုံးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ အပြည့်အဝရရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ CCTV နှင့် Computer စနစ်ဖြင့်သာ ဆောင်ရွက်ကာ လက်လုပ်ပြေစာများ လုံးဝအသုံးမပြုစေရေး၊ ယာဉ်ရပ်နားစခန်းအတွင်း တရားမဝင်ဆိုင်ခန်းများ ရောင်းချခြင်း မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၄၅/၂) နှင့် (၄၅/၃)အကြားရှိကြတ်ချောင်းလက်တက်တံတား ချဉ်းကပ်လမ်း ကျောက်စီခြင်း၊ မြေဖို့ခြင်းနှင့် Gabion Wall ဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၁၃/၀) မှ (၁၄/၀) အထိ (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မိုးဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးများရရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သတ်မှတ်လမ်း ဒီဇိုင်းများအတိုင်းသာ ဆောင်ရွက်ရန်ဖြစ်ပြီး ယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ အမှတ်(၃)လမ်းဆုံ တိုးဂိတ်တွင် လမ်းအသုံးပြုခကောက်ခံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စမ်းချောင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေး ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဟုမ်းလမ်းဘူတာရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၅၀ ကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီက လိုက်လံစစ်ဆေးကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေ ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြပြီး မြို့နေပြည်သူများကလည်း မီးကိုစနစ်တကျသုံးစွဲ၍ မီးဘေးလုံခြုံရေးအတွက် ရေပုံး၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန် သတိပေးနှိုးဆော်ခဲ့ကြသည်။

**တင်ဝင်းတင်**



# အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်တို့ရှိ လမ်းခင်းခြင်းလုပ်ငန်းများ မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မြို့သစ်(ခ)ရပ်ကွက် (၁၀) လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် (၁) ရပ်ကွက်နှင့် (၂)ရပ်ကွက်အကြား စက်မှုဒေသလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် (၁၈)ရပ်ကွက် စက်မှုဒေသလမ်းရှိ ကွန်ကရစ်ဖျော်စက်ရုံဝင်းအတွင်း ကတ္တရာကွန်ကရစ်(AC) ထုတ်လုပ်ခြင်းနှင့် Ready Mixed Concrete



ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၁)ရပ်ကွက် ရွှေကန်သာလမ်းနှင့် မြကန်သာလမ်းအကြား အောင်ဘောဂလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်ပန်းခြံရှေ့ ရန်ကုန်-ပုသိမ်လမ်း လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုနှင့် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်း လမ်းဆုံမီးပွိုင့်တွင် မြေယာရှင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးသတ်မှတ်ကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းကိုက်ညီစွာ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ဘက်စုံသုံး ကွပ်ကဲရေးရုံးတည်ဆောက်နေမှု၊ ရေဂါလန် နှစ်သိန်းဆံ့ မြေအောက်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

နောက်တစ်ခုက မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်မှုတွေ မြင့်တက်ပြီး အောက်ဆီဂျင်အိုးတွေ အခက်အခဲဖြစ်နေချိန်မှာ ထိုင်းနိုင်ငံ ချင်းရိုင်ပြည်နယ်ထဲက မဲချန်မြို့ဘက်ကို ကလေးတစ်ဖက်၊ အောက်ဆီဂျင်အိုးကိုထိန်းထားတဲ့ ဆိုင်ကယ်မောင်းနေတဲ့ သတင်းဓာတ်ပုံကို ထိုင်းပြည်တွင်း မီဒီယာတစ်ခုက မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေသလို ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က တင်ထားတဲ့ ဓာတ်ပုံတစ်ပုံကြောင့် အတော်ဂယက်ရိုက်ခတ်သွားဖူးပါတယ်။ ထိုင်းနိုင်ငံမှာ သတင်းလွတ်လပ်ခွင့်နဲ့အတူ TNN လို မီဒီယာတွေရဲ့ကျင့်ဝတ်ဖောက်ဖျက်မှုတွေဟာ သတိပြုစရာ ဖြစ်ပါတယ်။

## ပြည်တွင်းရေးနှောင့်ယှက်

မျက်မှောက်ကာလမှာ ပြည်တွင်း၊ ပြည်ပ အဖျက်မီဒီယာတွေက သတင်းတု၊ သတင်းမှား၊ ပုံကြီးချဲ့ မဟုတ်မမှန်သတင်းတွေကို ဘက်ပေါင်းစုံမှ တစိုက်မတ်မတ် သတင်းများထုတ်လွှင့်ပြီး ပြည်သူလူထု စိုးရိမ်ပူပန်မှုဖြစ်အောင်၊ တွေဝေအောင်၊ အစိုးရအပေါ် အယုံအကြည်မဲ့လာအောင်၊ ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်မှုဖြစ်အောင် နေ့စဉ်ပြုလုပ်လျက်ရှိတဲ့အပြင် အခြားနည်းလမ်းအမျိုးမျိုးနဲ့လည်း အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်၊ တိုင်းပြည်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်မှုတွေကို လုံခြုံရေးအသိ၊ အမျိုးသားရေးသတိဖြင့် ကာကွယ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တကယ်တော့ သမိုင်းကြောင်းတစ်လျှောက်မှာ အနောက်နိုင်ငံကြီးတွေ အထောက်အပံ့ခံမီဒီယာတွေက တိုင်းပြည်ကို အစဉ်တစိုက် ဖျက်လိုဖျက်ဆီး လုပ်ကိုင်နေကြတာဖြစ်ပြီး အခုမှပေါ်လာတဲ့ ထိုင်းနိုင်ငံက မီဒီယာတချို့ရဲ့ လုပ်ရပ်တွေကို ပြောရတာတော့ မတန်လှပါဘူး။ ဒါပေမဲ့လည်း ကိုယ့်ပြည်တွင်းရေးကို နှောင့်ယှက်တဲ့ကိစ္စဖြစ်လို့ ကြီးကြီးငယ်ငယ် ကန့်ကွက်ရမှာပဲ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံက မီဒီယာအချို့ဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ကျင့်ဝတ်တွေ ချိုးဖောက်တာရှိသော်လည်း မြန်မာအစိုးရအနေနဲ့ အိမ်နီးချင်းထိုင်းနိုင်ငံနဲ့ မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကိုသာ အမြဲဦးတည်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာအစိုးရအဆက်ဆက်ဟာ ရန်သူ၊ ရန်ဘက်မရှိ နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုကိုသာ တည်ဆောက်ထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားမှာ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုင်းနိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေးမှုဟာ ယနေ့ထက်တိုင် ခိုင်မြဲစွာနဲ့ တစ်သမတ်တည်း ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်တဲ့ လမ်းကြောင်းပေါ်မှာ မြန်မာနိုင်ငံ အောင်မြင်စွာ လျှောက်လှမ်းနိုင်ဖို့ ဆုမွန်ကောင်းတောင်းခဲ့ပါတယ်။

## မှုမမှန်တဲ့လုပ်ရပ်

ဒါပေမဲ့ ထိုင်းနိုင်ငံရဲ့ TNN အွန်လိုင်းမီဒီယာလို မီဒီယာအချို့ရဲ့ ကျင့်ဝတ်နဲ့မလျော်ညီတဲ့ လုပ်ရပ်တွေကို မြင်တွေ့ကြားသိနေရတာ စိတ်ပျက်စရာဖြစ်ပါတယ်။ ကျင့်ဝတ်ဖောက်ဖျက်တဲ့ မီဒီယာတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို ကြည့်မယ်ဆိုရင် အနောက်နိုင်ငံကြီးတွေရဲ့အလိုကျ နယ်ချဲ့လက်သစ်လက်ဝေခံမီဒီယာတွေရဲ့ လုပ်ပုံကိုင်ပုံတွေနဲ့ တစ်ထပ်တည်း တူနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအပေါ် တစိုက်မတ်မတ် တိုက်ခိုက်ဖျက်ဆီးနေတဲ့ အနောက်နိုင်ငံတွေရဲ့ လက်ဝေခံ၊ အထောက်အပံ့ခံမီဒီယာတွေလိုပဲ လုပ်ကိုင်နေတယ်လို့ ထင်မိပါတယ်။ NUG နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အိမ်နီးချင်းနိုင်ငံ ထိုင်းမီဒီယာတွေ အသိဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ မသိချင်ယောင်ဆောင်နေတာကတော့ မရိုးသားတဲ့ စိတ်ကူး၊ မမှန်တဲ့လုပ်ရပ်ဆိုတာ သေချာပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပြည်ဖျက်မီဒီယာတွေဟာ ကျင့်ဝတ်ဖောက်ဖျက်ပြီး တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းဖြစ်စေဖို့ သွေးထိုးလှုံ့ဆော်လုပ်ကြံဖန်တီးနေကြတာ ဖြစ်ပါတယ်။ အဖျက်လုပ်ရပ်သတင်းအမှန်တွေကို ဖုံးကွယ်၊ အကောင်းလုပ်ရပ်တွေကို သတင်းမှားနဲ့ ဖိတိုက်တဲ့ သတင်းမှန်အမှောင်ချ၊ သတင်းမှားမှိုင်းတိုက်ကာ သတင်းအသိအမှောင်ဖုံးစေတဲ့ အနက်ရောင် သတင်းစာပညာ (Black Journalism) ဖြစ်ပါတယ်။ ဒီသတင်းစာပညာနဲ့ အချင်းချင်းစိတ်ဝမ်းကွဲပြားအောင်၊ နိုင်ငံပျက်စီးအောင်၊ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင်ပြုလုပ်တဲ့ ထိုင်းနိုင်ငံက TNN မီဒီယာ အပါအဝင် အဖျက်မီဒီယာအားလုံးကို ပြင်းထန်စွာ ရှုတ်ချလိုက်ရပါတယ်။ ။

■

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body –BGB) အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။



ဦးစွာ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်နေသည့် ရုပ်သံလွှင့်နှင့် FM ရေဒီယိုများအနေဖြင့် ထုတ်လွှင့်ဖော်ပြနေမှုများတွင် အမှားအယွင်းမရှိစေရေး၊ အားနည်းချက်မရှိစေရေး သတိထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူများ သိသင့်သိထိုက်သည့် အသိပညာပေး အစီအစဉ်များကို ထည့်သွင်းထုတ်လွှင့်ပြသပေးစေလိုပါကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် လိုင်စင်နှုန်းငွေးရမ်းခများ၊ စက်ပစ္စည်းငှားရမ်းအသုံးပြုခများ၊ အခွန်အခများကို ဘဏ္ဍာနှစ်မကျော်မီ ကြွေးကျန်မရှိစေရေး ပေးသွင်းကြစေလိုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုကို ထိခိုက်စေမည့် ပြသထုတ်လွှင့်မှုများမပါရှိစေရေး အထူးသတိပြု ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အကျိုးတူကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူက ယခင်ပြုလုပ်ခဲ့သည့် BGB အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၃)၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ စက်မှုဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနခွဲနှင့် ဘဏ္ဍာရေးဌာနခွဲ၊ အကျိုးတူပူးပေါင်းလျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများနှင့် ဖိတ်ကြားထားသည့် ကုမ္ပဏီများက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အခွန်များကို ဘဏ္ဍာနှစ်အတွင်း ပေးသွင်းနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းတု၊ သတင်းမှားများနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ဥရောပသမဂ္ဂအကြား ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**စင်ကာပူ ဇန်နဝါရီ ၂၉**

စင်ကာပူနိုင်ငံ JEN Singapore Tanglin by Shanghai–La ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ပြုလုပ်သော သတင်းတု၊ သတင်းမှားများနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ဥရောပသမဂ္ဂအကြား ဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်/သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(ခ) မြင်းမူမောင်နိုင်မိုးတို့ တက်ရောက်ကြသည်။




ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး Mr Tan Kiat How က အဖွင့်အမှာစကား ပြောကြားပြီး AICHR ဆိုင်ရာ စင်ကာပူတာဝန်ခံ Dr Shashi Jayakumar နှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂ သံတမန် Mr Sujiro Seam တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပွဲကို အပိုင်းလေးပိုင်း ဖြင့်ပြုလုပ်ပြီး သတင်းတု၊သတင်းမှားကြောင့် လူ့အဖွဲ့အစည်းတွင် သက်ရောက်မှုများ၊ သတင်းတု၊ သတင်းမှားကို ကိုင်တွယ်ထိန်းသိမ်းနည်းနာများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများတွင် သတင်းတု၊ သတင်းမှားကြောင့် ကြုံတွေ့နေကြရသော အခက်အခဲ၊ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်ကြပုံများအပေါ် တက်ရောက်လာကြသည့် နိုင်ငံကိုယ်စားလှယ်များက ပွင့်လင်းစွာ ဆွေးနွေးကြပြီး အနာဂတ်ကာလတွင် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် သတင်းမှန်များ နေ့စဉ်ပျံ့နှံ့ရေးသည် နိုင်ငံတစ်နိုင်ငံချင်းသာမက ဒေသတွင်းမှသည် ကမ္ဘာ့နိုင်ငံအသီးသီးက အလေးထားဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ကြောင်း ရှုထောင့်မျိုးစုံမှ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံသင်တန်း ဖွင့်လှစ်

**ဒေးဒရဲ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က သင်တန်းသားများအနေဖြင့် ကြိုးကြိုးစားစား သင်ယူလေ့လာသွားကြရန်နှင့် သင်ယူခဲ့သောဘာသာရပ်များကို အခြေခံပြီး မိမိရပ်ရွာဒေသ မီးဘေးလုံခြုံရေး၊ ရပ်ရွာဘေးအန္တရာယ်လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာများက အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ရွေးချယ်စုဖွဲ့ထားပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနက တပ်ဖွဲ့ဝင် ငါးဦးက စည်းကမ်းသေဝပ်မှု၊ မီးသတ်ပညာဘာသာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၇



# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ သံတမန်ရေးရာကိစ္စရပ်များကို အသိပညာဗဟုသုတများရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့(MISIS)နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်း၍ Panel Discussion on The Diplomacy of Values and Interest in a Complex World စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် LRC 103 ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားပြီး Panel Discussion တွင် ပညာရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့(MISIS)မှ ဒေါက်တာခင်မောင်လွင်၊ သံအမတ်ကြီး ဦးထိန်လင်း၊ ဆရာကြီးဦးခင်မောင်ဇော်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချောချောစိန်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားကို ပါမောက္ခချုပ် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဧည့်သည်တော်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှဦးစီး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အဆောက်အအုံစာရင်းများ ကောက်ယူနေမှုများကို လားရှိုးခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် ကော်မတီဝင်များက ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုအားပေးစဉ်။ စိုင်းထွန်း(လားရှိုး)



# လယ်ယာသားငါး ပို့ကုန်များ၏ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ထုတ်လုပ်မှုမြင့်မားရေးကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရွှေမြင်းကုမ္ပဏီလီမိတက် ငါးအအေးခန်းစက်ရုံ၏ ငါး၊ ပုစွန် ပြုပြင်ထုပ်ပိုးခြင်း၊ အေးခဲခြင်းနှင့် ပြည်ပဈေးကွက်တင်ပို့ရန် ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဈေးကွက်ခိုင်မာစွာရရှိရေးအတွက် အရည်အသွေးပိုင်း အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံလုပ်သားများ၏ ကျွမ်းကျင်မှုမြင့်မားရေး လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ချက်များ၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် တည်င်းကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသနှင့် သင့်တော်သည့် စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံပုံစံများကို တောင်သူများ အသုံးပြုနိုင်ရေး၊ ပြောင်းလဲလာသည့် ရာသီဥတုအပေါ်မူတည်၍ ရေမြေဒေသနှင့် ကိုက်ညီမည့် ရေအနည်းလို သီးနှံများစိုက်ပျိုးနိုင်ရေး၊ တောင်သူများအတွက် အကျိုးအမြတ်ပိုမိုရရှိနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးရန်နှင့် ယခုနှစ်စိုက်ပျိုးရာသီတွင် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေနေရာအား ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Fresh & Green Int’l Manufacturing Co.,Ltd. ၏ အအေးခန်းများဖြင့် စိုက်ပျိုးရေးထွက်ကုန်များနှင့် မွေးမြူရေးထွက်ကုန်များ အေးခဲသိုလှောင်ထားရှိပြီး ပြည်ပတင်ပို့ရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကုန်ပစ္စည်းများ စနစ်တကျသိုလှောင်ရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်)ရုံးတွင် ဆောင်ရွက်လျက်ရှိသည့် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ဓာတ်ခွဲစစ်ဆေးခြင်း၊ ပြည်ပပို့ကုန်များအတွက် ထောက်ခံချက်ထုတ်ပေးခြင်း၊ အပင်ရောဂါ စစ်ဆေးခြင်းနှင့် ပြည်ပမှတင်သွင်းလာသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မိမိတို့ဓာတ်ခွဲခန်းကရရှိထားသည့် ISO/IEC 17025 စံနှင့်အညီ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေးများ၏ နည်းပညာအချက်အလက်များကို တိကျစွာစစ်ဆေးရန်၊ ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---



## သုံးခွမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်ပွဲကျင်းပ

သုံးခွ ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နွေးနွေးမြင့်သိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းကို ဆက်လက်ဆောင်ရွက်ရာ သင်တန်းဆရာမ သုံးဦးက သင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းကို ကျေးရွာ ၁၀ ရွာမှ ငါးမွေးမြူရေးသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

---

## ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) လက်ထက်တွင် ညအိပ်ရပ်နားနိုင်မည့် ယာဉ်ရပ်နားဝင်း ရှစ်ခု တည်ဆောက်ရန်စီစဉ်ထားရာ လေးခု ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂၉

ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)လက်ထက်တွင် ညအိပ်ရပ်နားနိုင်မည့် ယာဉ်ရပ်နားဝင်း ရှစ်ခု တည်ဆောက်ရန် စီစဉ်ထားရာ လေးခုမှာ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ခွင့်ပြုချပေးထားသည့် သုခဒဂုံအိမ်ရာဝင်းရှိ ငါးဧက အကျယ်ရှိသော မြေပေါ်တွင် ယာဉ်ရပ်နားဝင်း တစ်ခုကို ထပ်မံဆောက်လုပ်နေကာ ယခင်ကပင် တည်ဆောက်ပြီးစီးသည့် ယာဉ်ရပ်နားဝင်း ခုနစ်ခုရှိကြောင်း သိရသည်။

“ယာဉ်နားကွင်းတွေ မဖြစ်မနေလိုအပ်တယ်။ အရင်က လုပ်ပြီးသား ခုနစ်ခုလောက်ရှိတယ်။ YRTC လက်ထက်မှာလုပ်တာ အခု တည်ဆောက်ပြီးတာ လေးနေရာလောက်ရှိတယ်။ တည်ဆောက်ဆဲက တစ်နေရာ။ ရှစ်နေရာ တည်ဆောက်သွားဖို့ရှိတာ။ လှိုင်သာယာဘက်မှာ ယာဉ်ရပ်နားဝင်းရှိတယ်၊ မြောက်ဒဂုံမှာ taxi ယာဉ်ရပ်နားဝင်းရှိတယ်။ မြောက်ဥက္ကလာမှာရှိတယ်။ သုခဒဂုံအိမ်ရာ၊ ဒဂုံဆိပ်ကမ်း၊ တောင်ဥက္ကလာပမြို့နယ်တို့မှာ တည်ဆောက်သွားမှာပါ”ဟု YRTC မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်ရပ်နားဝင်းများ၏ အကျယ်အဝန်းမှာ မြေဧက ၅ ဧကမှ ၇ ဧကအတွင်းရှိပြီး ၎င်းတို့၏ အကျယ်အဝန်းအလိုက် ယာဉ်အစီးရေ ၂၀၀၊ ၃၀၀ ခန့် ရပ်နားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

MT

---

## ကျုံပျော်မြို့တွင် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

ကျုံပျော် ဇန်နဝါရီ ၂၉

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းက အဖွင့်အမှာစကား ပြောကြားပြီး ယာယီခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်က ပုံမှန်မဟုတ်သော ပြင်းထန်သည့် ရာသီဥတုပြောင်းလဲဖြစ်စဉ်များကြောင့် သဘာဝအန္တရာယ်များ ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်နိုင်ရန် စုဖွဲ့လေ့ကျင့်မှုအနေဖြင့် (မွမ်းမံ) သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး၊ သင်တန်းတွင် မီးသတ်တပ်ဖွဲ့၏အခန်းကဏ္ဍ၊ မီးဘေးနှင့် အခြားသော ဘေးအန္တရာယ်များအကြောင်း၊ အခြေခံကြိုးချည်နည်း၊ ကြိုးဖြင့်အသက်ကယ်နည်း၊ လျှောင်ဘေး ကယ်ဆယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အမျိုးမျိုးတို့ကို ကျွမ်းကျင်နည်းပြများဖြင့် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

---

## ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီက ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြားပြီး နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ငလျင်အကြောင်း သိကောင်းစရာ

ဒေါက်တာယဉ်မျိုးမင်းထွေး (မိုး/ဇလ)

ဘူမိဗေဒအထောက်အထားများအရ မြန်မာနိုင်ငံသည် ငလျင်ဖြစ်ပေါ်ခံစားရနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အတိတ်ကာလကလည်း အပျက်အစီးရှိသော အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားခဲ့ဖူးပါသည်။ ငလျင်အန္တရာယ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူနေမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်အန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်ပါသည်။ မြေထုချပ် (Plate) ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါတွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက်ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားပါသည်။ အဆိုပါအားများ (စွမ်းအင်များ) ဖြတ်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများ အားလုံးတုန်ခါ၍သွားခြင်းကို ငလျင်လှုပ်သည်ဟု ခေါ်ဆိုကြပါသည်။ မီးတောင်ပေါက်ကွဲခြင်း၊ မြေအောက်မိုင်းခွဲခြင်း၊ အာကာသမှ ဥက္ကာခဲကြီးများ ကမ္ဘာမြေပေါ်သို့ ကျရောက်ခြင်းတို့ကြောင့်လည်း ငလျင်များ လှုပ်ရှားတတ်ပါသည်။

### ငလျင်လှုပ်ရှားမှုအား ဖြစ်ပေါ်စေသော အဓိကပြတ်ရွှေ့ကြီး

မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဖြစ်ပေါ်သော ငလျင်လှုပ်ရှားမှု၏ ၁၅ ရာခိုင်နှုန်းကို ခံစားရသည့် မြေထဲပင်လယ်-ဟိမဝန္တာဇုန်တွင် တည်ရှိနေပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်များသည် နှောင်းဖြစ် ဘူမိအနေအထားတို့ကြောင့် ဖြစ်ပေါ်ခဲ့ရကာ အထူးသဖြင့် ပြတ်ရွှေ့များရှိရာ နေရာများ၌ ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုအား ဖြစ်ပေါ်စေသော အဓိကပြတ်ရွှေ့ကြီးဖြစ်သည့် စစ်ကိုင်းပြတ်ရွှေ့အပြင် ကဘော်ပြတ်ရွှေ့၊ ကျောက်ကြမ်းပြတ်ရွှေ့၊ မိုးမိတ်ပြတ်ရွှေ့၊ နန်းမပြတ်ရွှေ့၊ ရွှေလီပြတ်ရွှေ့၊ ဖာပွန်ပြတ်ရွှေ့၊ မြောက်ဦးပြတ်ရွှေ့ စသည့်ပြတ်ရွှေ့များအပြင် ပြတ်ရွှေ့ငယ်များစွာ တည်ရှိနေပါသည်။ အဆိုပါပြတ်ရွှေ့များ ရွှေ့လျားမှုကြောင့် ပြတ်ရွှေ့များ တည်ရှိရာဒေသများနှင့် အိန္ဒိယမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ အနောက်ဘက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ငလျင်လှုပ်ရှားမှုများဖြစ်ပေါ်လေ့ရှိသဖြင့် အဆိုပါဒေသများတွင် ငလျင်ဘေးအန္တရာယ်အား သတိပြု၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။




မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေသော ပြတ်ရွှေ့များပြပုံ။




မြန်မာနိုင်ငံတွင် လှုပ်ရှားခဲ့သော သမိုင်းဝင် အင်အားပြင်းငလျင်များ၏ မြေပြင်ဗဟိုချက်များပြပုံ။

မြန်မာနိုင်ငံ၏ အဓိကပြတ်ရွှေ့ကြီးဖြစ်သည့် စစ်ကိုင်းပြတ်ရွှေ့သည် မြန်မာနိုင်ငံရှိ လူဦးရေထူထပ်များပြားသော မြို့ကြီးများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာ၊ သာစည်၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ ဖြူးနှင့် ပဲခူးမြို့များကို ဖြတ်သန်းသွားသည်ဖြစ်၍ အဆိုပါမြို့ကြီးများနှင့် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ရှားမှုကို တွေ့ကြုံခံစားရနိုင်ပါသည်။ အတိတ်ကာလ၏ သမိုင်းမှတ်တမ်းများအရ စစ်ကိုင်းပြတ်ရွှေ့ကြောင့် လှုပ်ရှားခဲ့သော ငလျင်များသည် အင်အားများ၍ မြေပြင်ဗဟိုချက် အနက်တိမ်သောကြောင့် ပျက်စီးမှုများရှိခဲ့ပါသည်။

ငလျင်သည် ကြိုတင်ခန့်မှန်းတွက်ချက်နိုင်သော သဘာဝဘေးတစ်မျိုး မဟုတ်သော်လည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်ကြောင့် အတိတ်ကာလက ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များကို ပြန်လည်လေ့လာသည့်နည်းပညာ (Paleoseismology) ဖြင့် နောင်တစ်ချိန်တွင် တစ်ကျော့ပြန်လည်လှုပ်ရှားနိုင်သည့် အလားအလာအား လေ့လာနိုင်သည်ဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် တို့နှင့်ပူးပေါင်း၍ ၁၉၃၀ ပြည့်နှစ်တွင် အင်အားပမာဏ ၇ ဒသမ ၃ ဖြင့် လှုပ်ရှားခဲ့သော ပဲခူးငလျင်ဖြစ်စဉ်အား သုတေသနပြုလေ့လာခဲ့ကြရာ နှစ်ပေါင်း ၁၆၀ အတွင်း တစ်ကျော့ပြန်လည် လှုပ်ရှားနိုင်ကြောင်း တွေ့ခဲ့ရ၍ ယခုအခါ ပဲခူးငလျင် လှုပ်ခတ်ပြီးခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော် ကြာလာပြီဖြစ်ရာ အဆိုပါ ပဲခူးငလျင်ဖြစ်စဉ်ကို သိရှိပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သည်။ ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးတွင်လည်း သမိုင်းအထောက်အထားများအရ ၁၇၆၂ ခုနှစ်က အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခု လှုပ်ရှားခဲ့ပြီး အဆိုပါအင်အားပြင်းငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရ၍ ယခုအခါ အဆိုပါနေရာတွင် ငလျင်ကြီးလှုပ်ရှားခဲ့သည်မှာ နှစ်ပေါင်း ၂၆၀ ကျော် ရှိပြီဖြစ်သဖြင့် အဆိုပါဒေသ အနီးတစ်ဝိုက်တွင်လည်း ၁၇၆၂ ခုနှစ်က လှုပ်ရှားခဲ့သော ငလျင်ကြီး ဖြစ်စဉ်ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။

### အိမ်နီးချင်းနိုင်ငံများ၏ ငလျင်အန္တရာယ်

မြန်မာနိုင်ငံအတွင်း ဗဟိုပြု၍လှုပ်ရှားသော ငလျင်များကိုသာ သတိပြုသင့်သည်သာမက အိမ်နီးချင်းနိုင်ငံများရှိ ပြတ်ရွှေ့များတွင် လှုပ်ရှားသော ငလျင်များကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသော ဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိနိုင်သည်ကို သတိပြုသင့်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ရှိ ပြတ်ရွှေ့များတွင် ငလျင်လှုပ်ရှားပါက အဆိုပါနိုင်ငံများနှင့် နယ်မြေထိစပ်နေသော မြန်မာနိုင်ငံ အနောက်မြောက်၊ အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ထိခိုက်ပျက်စီးမှုများ ရှိနိုင်သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ ပြတ်ရွှေ့များတွင် ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်ပါက မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင်လည်း ထိခိုက်ပျက်စီးမှုများ ရှိနိုင်ပါသည်။ အလားတူ လာအိုနိုင်ငံရှိ ပြတ်ရွှေ့များတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်ပါက လာအိုနိုင်ငံနှင့် နယ်မြေထိစပ်နေသော မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် ထိခိုက်ပျက်စီးမှုများရှိနိုင်ပြီး ထိုင်းနိုင်ငံရှိ ပြတ်ရွှေ့များတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်ပါက ထိုင်းနိုင်ငံနှင့် နယ်မြေထိစပ်နေသော မြန်မာနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် ထိခိုက်ပျက်စီးမှုများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများ၏ ငလျင်အန္တရာယ်ကိုလည်း သတိပြုသင့်ပါသည်။

### အင်အားပမာဏ ၈ ဒသမ ၂ မှ ၉ ဒသမ ၀ အထိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ရှား

၂၀၁၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ Columbia University မှ Professor Mickael Steckler သည် Global Positioning System-GPS များ တပ်ဆင်ပြီး လေ့လာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အင်အားပမာဏ ၈ ဒသမ ၂ မှ ၉ ဒသမ ၀ အထိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ရှားနိုင်မှုအား လေ့လာတွေ့ရှိရကြောင်းနှင့် အဆိုပါ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ရှားပါက ငလျင်လှုပ်ရှားမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်နိုင်ငံတည်းသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကိုလည်း သက်ရောက်နိုင်ကြောင်း ၎င်း၏သုတေသနစာတမ်းတွင် ရေးသားဖော်ပြထားသည်ဖြစ်ရာ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများသည် အဆိုပါ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးအား သတိပြုရန် လိုအပ်ပါသည်။ စာမျက်နှာ ၁၁ သို့ ❐

**❛ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ ၁၉၃၀ ပြည့်နှစ်တွင် အင်အားပမာဏ ၇ ဒသမ ၃ ဖြင့် လှုပ်ရှားခဲ့သော ပဲခူးငလျင်ဖြစ်စဉ်အား သုတေသနပြုလေ့လာခဲ့ကြရာ နှစ်ပေါင်း ၁၆၀ အတွင်း တစ်ကျော့ပြန်လည် လှုပ်ရှားနိုင်ကြောင်း တွေ့ခဲ့ရ၍ ယခုအခါ ပဲခူးငလျင် လှုပ်ခတ်ပြီးခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော် ကြာလာပြီဖြစ်ရာ အဆိုပါ ပဲခူးငလျင်ဖြစ်စဉ်ကို သိရှိပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သည်။ ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးတွင် လည်း သမိုင်းအထောက်အထားများအရ ၁၇၆၂ ခုနှစ်က အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခု လှုပ်ရှားခဲ့ပြီး အဆိုပါအင်အားပြင်း ငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရ၍ ယခုအခါ အဆိုပါနေရာတွင် ငလျင်ကြီး လှုပ်ရှားခဲ့သည်မှာ နှစ်ပေါင်း ၂၆၀ ကျော် ရှိပြီဖြစ်သဖြင့် အဆိုပါဒေသ အနီးတစ်ဝိုက်တွင်လည်း ၁၇၆၂ ခုနှစ်က လှုပ်ရှားခဲ့သော ငလျင်ကြီးဖြစ်စဉ်ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့် ❜**

# SEA-PLM 2019 အကြံပြုလုပ်ငန်းစဉ်များနှင့် SEA-PLM 2024 စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာ စစ်ဆေးရေးစံ (Southeast Asia Primary Learning Metrics: SEA–PLM 2024)သည် မူလတန်းအဆင့် နောက်ဆုံးနှစ် Grade–5 ကျောင်းသားများ၏ စာဖတ်စွမ်းရည် (Reading Skills)၊ အရေးစွမ်းရည် (Writing Skills)၊ သင်္ချာစွမ်းရည် (Mathematics Skills)၊ ကမ္ဘာ့သားကောင်းဖြစ်မှု (Global Citizenship) စွမ်းရည်များကို စစ်ဆေးတိုင်းတာနိုင်ရန်အတွက် အာဆီယံဒေသတွင်း ကျယ်ပြန့်သောပညာရည် စစ်ဆေးမှုတစ်ခု ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဆောင်ရွက်သော နိုင်ငံတကာအဆင့် ပညာရည်တိုင်းတာ စစ်ဆေးမှုတစ်ခု ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် SEA–PLM 2019 အကြံပြုလုပ်ငန်းစဉ်များနှင့် SEA–PLM 2024 စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြောကြားသည်။



ဆက်လက်၍ ဒေါက်တာဇော်မြင့်က ဒုတိယအကြိမ် SEA–PLM 2024 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်မှု၏ အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပညာရေးဝန်ကြီးဌာနက ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်း၏အကြိုစမ်းသပ်စစ်ဆေးမှု (Field Trial) ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် Grade–5 ကျောင်းသား ၁၇၄၄ ဦးကို စာဖတ်စွမ်းရည်၊ သင်္ချာစွမ်းရည်၊ ကမ္ဘာ့သားကောင်းဖြစ်မှုတို့ ပါဝင်သော Text Booklets များ၊ မိဘစစ်တမ်းလွှာ (Parents Questionnaires) နှင့် ကျောင်းသားစစ်တမ်းလွှာ (Student Questionnaires) တို့ဖြင့် စမ်းသပ်စစ်ဆေးမှုဆောင်ရွက်ခဲ့ပါကြောင်း၊ SEA–PLM 2024 ပင်မစစ်ဆေးမှု (Main Survey)၏ အချက်အလက် ကောက်ခံခြင်းလုပ်ငန်းကို လာမည့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့်တွေ့ရှိချက်များအပေါ် အခြေခံပြီး ပညာရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးမူဝါဒ၊ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ကြိုဆိုနှုတ်ခွန်းစကားပြောကြားပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က အရှေ့တောင်အာရှ မူလတန်းပညာသင်တတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ (SEA–PLM) မိတ်ဆက်၊ SEA–PLM 2024 စစ်ဆေးမှုဆောင်ရွက်ဆဲ အခြေအနေကို တင်ပြသည်။

မွန်းလွဲပိုင်းတွင် SEA–PLM 2019 အကြံပြုလုပ်ငန်းစဉ်များ ဆွေးနွေး တင်ပြခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာစိုးက ဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သုတေသနဌာနခွဲမှ အရာထမ်းများက SEA–PLM 2019 Regional Report နှင့် Secondary Report များမှ အကြံပြုချက်များကို တင်ပြကြရာ တက်ရောက်လာသော ကိုယ်စားလှယ်များက အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။ အဆိုပါ လုပ်ငန်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ SEA–PLM နည်းပညာအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၇၂)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၇၂)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကို လာမည့်လတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားကြောင်း အဆိုပါစေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို လာမည့်ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကာ ထမနဲဆွမ်းအလှူ၊ ဆွမ်းတော်ကြီးအလှူ၊ ဆွမ်းဆန်စိမ်းအလှူနှင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာအလှူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က မရမ်းကုန်းခရိုင်ထဲမှာရှိတဲ့ မြို့နယ်တွေက အလှူရှင်တွေ၊ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး ဘုရားကြီးမှာ စည်စည်ကားကားဖြစ်အောင် လုပ်ထားပါတယ်"ဟု သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက် နံနက်ပိုင်းတွင် ထမနဲထိုးပွဲကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းအပါအဝင် အခြားအခမ်းအနားများကိုလည်း ထည့်သွင်းကျင်းပမည် ဖြစ်သည်။

" စည်စည်ကားကားဆိုတာကတော့ အရင်ကိုဗစ်မဖြစ်ခင်တုန်းက ဘုရားပွဲတော်ငါးရက်စလုံးမှာ ပျော်ပွဲရွှင်ပွဲတွေနဲ့လုပ်တာ။ အခုကျတော့ အခြေအနေအရ ပျော်ပွဲ ရွှင်ပွဲတွေမထည့်တော့ဘူး" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**သစ်တော်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**



၁၉၃၀ ပြည့်နှစ်က လှုပ်ရှားခဲ့သော ပဲခူးငလျင်နှင့်ပတ်သက်၍ လေ့လာနေပုံ။

❒ စာမျက်နှာ ၁၀ မှ

### မြန်မာနိုင်ငံရှိ ရွာပေါင်း ၂၉ ရွာအား ဆူနာမီရေလှိုင်းများ သက်ရောက်ခဲ့

ငလျင်သည် အချိန်တိုအတွင်း ဖြစ်ပေါ်သော သဘာဝဘေးတစ်မျိုးဖြစ်ပြီး ငလျင်လှုပ်ရှားစဉ် မြေကြီးလှုပ်ရှားမှုကြောင့် တိုက်ရိုက်ထိခိုက်ဒဏ်ရာရရှိမှုသည် အလွန်နည်းပါးပြီး အထက်မှကျသော အရာဝတ္ထုများနှင့် အဆောက်အအုံများ ပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်လေ့ရှိပါသည်။ သို့ဖြစ်၍ ငလျင်ဘေးအန္တရာယ်ရှိသော ဒေသများတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ထားသင့်ပါသည်။ အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားပြီး နောက်ဆက်တွဲ ငလျင်ငယ်များသည် နာရီပေါင်းများစွာမှ တစ်ခါတစ်ရံ ရက်ပေါင်းများစွာကြာသည်အထိ ဖြစ်ပေါ်တတ်ပါသည်။ အင်အားပြင်းငလျင်ကြီးများသည် ပင်လယ်ရေအောက်ကြမ်းပြင်ကို ဗဟိုပြု၍ လှုပ်ရှားသည့်အခါ နောက်ဆက်တွဲအဖြစ် ဆူနာမီဘေးအန္တရာယ်လည်း ကျရောက်နိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသကြီးများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ငလျင်၏ နောက်ဆက်တွဲဘေးအန္တရာယ်တစ်ခုဖြစ်သော ဆူနာမီကိုလည်း သတိပြုသင့်ပါသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ Northern Sumatra ၌ အင်အားရစ်ချ်တာစကေး ၉ ဒသမ ၂ ဖြင့် လှုပ်ရှားခဲ့သော အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဆူနာမီကြောင့် မြန်မာနိုင်ငံရှိ ရွာပေါင်း ၂၉ ရွာအား ဆူနာမီရေလှိုင်းများ သက်ရောက်ခဲ့ပြီး အိမ်ခြေ ၆၀၁ အိမ် ပျက်စီး၍ ၄၂ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၆၁ ဦး သေဆုံးခဲ့ပါသည်။

ငလျင်သည် အချိန်ကာလ သတ်မှတ်ချက်မရှိဘဲ အချိန်မရွေး လှုပ်ရှားနိုင်ပါသည်။ ငလျင်လှုပ်ရှားမှုကို မည်သည့်နိုင်ငံမျှ ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။ သို့ဖြစ်ရာ ငလျင်ဘေးအန္တရာယ်ကြုံတွေ့နိုင်သော ဒေသ၊ ငလျင်လှုပ်ရှားနိုင်သည့်ဒေသ (သို့မဟုတ်) ငလျင်ပြတ်ရွေ့တည်ရှိရာဒေသ အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများ၊ ငလျင်ကြီးများ လှုပ်ရှားခဲ့ဖူးသောဒေသတွင် နေထိုင်ကြသူများအဖို့ ငလျင်သတိ အမြဲရှိနေကြရန်နှင့် ငလျင်လှုပ်ရှားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိရစေရန် ကြိုတင်ပြင်ဆင်ထားမှုများ ပြုလုပ်ထားကြရမည်ဖြစ်ပါသည်။ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံမျိုးတွင်သာ နေထိုင်ကြရန်နှင့် မိမိ၏မိသားစုအား ငလျင်ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်မည့်နည်းလမ်းများကို အသိပေးထားရန် လိုအပ်ပါသည်။

ငလျင်ဘေးမှ လုံခြုံစိတ်ချရအောင်လည်း မိမိတို့နေထိုင်ရာ အရပ်ဒေသအား ဘေးလုံခြုံအောင် စီမံဆောင်ရွက်ခြင်း၊ ဘေးမှလုံခြုံစိတ်ချစေရန်နှင့် အရေးပေါ်ဆက်သွယ်နိုင်မည့် အစီအစဉ်များ ချမှတ်ထားခြင်း၊ အသိပညာပေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ထောက်ပံ့မှုအဖွဲ့များ ဖွဲ့စည်းထားခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ လျော့နည်းသက်သာစေရေး အာမခံထားခြင်းများ ဆောင်ရွက်ထားခြင်း၊ ငလျင်လှုပ်ရှားချိန်တွင် ဝပ်၊ ကာ၊ ကိုင် ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝပ်နေပြီး ဦးခေါင်းအား မထိခိုက်စေရန် အကာအကွယ်ယူ၍ ကိုင်ထားခြင်း၊ ငလျင်လှုပ်ရှားပြီးနောက် ငလျင်လှုပ်ရှားမှုကြောင့် ထိခိုက်သူများအား ကူညီရန်၊ ရွှေ့ပြောင်းရန်နှင့် ငလျင်လှုပ်ရှားပြီးနောက် ပျက်စီးသွားသော အပျက်အစီးများမှ ကာကွယ်နိုင်ရေးအတွက် လုံခြုံမှုအား တိုးမြှင့်ထားခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းတို့ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။



## သံဖြူဇရပ်မြို့နယ်၌ အသံမစဲ ဥပ္ပါတသန္တိ သုတ္တံ ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

သံဖြူဇရပ် ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သံဖြူဇရပ်၌ မြို့နယ်အေးချမ်းသာယာစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က စီစဉ်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ အမှူးပြုသော သံဃာတော်များဖြင့် အန္တရာယ်ကင်း အသံမစဲ ဥပ္ပါတသန္တိ သုတ္တံ ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အောင်သာယာရပ်ကွက် မဏိရတနာကျောင်းတိုက်အနီးရှိ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် ဓမ္မာရုံကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး နတ်ပြဟ္မာများအား ပင့်ဖိတ်၍ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဥပ္ပါတသန္တိသုတ္တံဒေသနာတော်ရွတ်ဖတ်ပူဇော်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တရားနာပရိသတ်များက ကြည်ညိုခဲ့ကြသည်။

အဆိုပါ အသံမစဲ ဥပ္ပါတသန္တိ သုတ္တံ ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

မြို့နယ် ( ပြန်/ဆက်)

## လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများ Standup Paddleboarding (SUP) စီးနင်းသူ များပြားလာ




ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့အနီးက သဘာဝအလှတရားကို ခံစားနိုင်သော လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများသည် Standup Paddleboarding (SUP) စီးနင်းသူ များပြားလာကြောင်း အဆိုပါဥယျာဉ်၏ တာဝန်ရှိသူတစ်ဦးထံမှ မေးမြန်းချက်အရ သိရသည်။

လှော်ကား ဥယျာဉ်တွင် သစ်တောသစ်ပင်များ၏ သဘာဝအလှနှင့်အတူ အေးချမ်းသာယာမှုကို ခံစားနိုင်မည်ဖြစ်ကာ SUP စီးနင်းကာ အပန်းဖြေသူများ ယခင်ထက် များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

လှော်ကား ဥယျာဉ်အတွင်း SUP ကို တစ်ဦးလျှင် ငွေကျပ် ၁၈၅၀၀ ဖြင့် ပိတ်ရက်မရှိ နေ့စဉ်လာရောက်စီးနိုင်ပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် လာရောက် စီးနင်းသူဦးရေ များပြားကြောင်း သိရသည်။

"SUP မတ်တပ်ရပ် လှေလှော်တာ နေ့တိုင်းစီးလို့ရပါတယ်။ ပိတ်ရက်မရှိပါဘူး။ ဘေးနားမှာ Guide လည်းပါမယ်။ ကိုယ်က အဲဒီလှေကို မလှော်ခင်မှာလည်း သူတို့က ဘယ်လိုလှော်ရမလည်းဆိုတာ သင်ပြပေးပါတယ်။ စီးတဲ့သူဦးရေကတော့ များတယ်။ စနေ၊ တနင်္ဂနွေဆိုလည်း စီးတဲ့သူ တော်တော်များတယ်။ ကြားပိတ်ရက်တွေကတော့ စီးတဲ့သူအရေအတွက် အသင့်အတင့်ပဲ ရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

SUP သည် ရေလွှာလျှောစီးခြင်း (Surfing) မှ အစပြုလာသော Water Sport တစ်မျိုးဖြစ်ပြီး SUP စီးနင်းရာတွင် SUP rider များက Board ပေါ်တွင် မတ်တတ်ရပ်ပြီး Paddle ကို အသုံးပြု စီးနင်းကြကာ ဟာဝိုင်ယီကျွန်းစုများမှ စတင်ပေါ်ပေါက်လာသော Water Sport Activity တစ်ခုဖြစ်သည့်အပြင် Paddle boarding နဲ့ Yoga practice ပေါင်းစပ်ပြီး SUP Yoga လေ့ကျင့်ကြသူများလည်း ရှိသည်ဟု သိရသည်။

ယခုမှစတင်စီးနင်းမည့် သူများအတွက်လည်း လှော်ကားဥယျာဉ်မှ ကျွမ်းကျင်သည့် Trainers များက အနီးကပ်သင်ပြပေးသွားမည်ဖြစ်၍ အတွေ့အကြုံ လုံးဝမရှိသည့် Beginners များပါ ပျော်ပျော်ရွှင်ရွှင် စီးနင်းနိုင်ကြောင်း လှော်ကားဥယျာဉ်မှ သိရသည်။

MT

## အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း (တတိယနေ့) ဆက်လက်ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော်တွင် ပဉ္စမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု (တတိယနေ့)ကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာ ဦးဉာဏ်ထွန်းနှင့် ဇနီးဖြစ်သူ အသည်းအလှူရှင် ဒေါ်စန္ဒာအောင် တို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်း အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၄ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင်နှစ်ဦးနှင့် အသည်းလက်ခံလူနာနှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးခြင်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ပြည်သူများအား မီးဘေးအန္တရာယ် ကင်းဝေးစေရေး၊ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် သတိပြုလိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသိပညာပေးနှိုးဆော်မှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးနှိုးဆော်မှုများ ဆောင်ရွက်ရာတွင် အရေးပေါ် မီးသတ်တယ်လီဖုန်းများ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးများစနစ်တကျ သုံးစွဲရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ မီးမလောင်ခင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးလောင်လျှင်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီးဆောင်ရွက်ရမည့် နည်းလမ်းများကိုမြို့နယ်အတွင်း လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကင်းဝေးစေရေး အသိပေးနှိုးဆော်



ရွှေပြည်သာ ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ယမန်နေ့ညနေပိုင်းက ရပ်ကွက်များအတွင်း မီးငြိမ်းသတ်ယာဉ်ဖြင့် လှည့်လည်၍အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ အသိပေးနှိုးဆော်မှုများဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးကို ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လမ်းများတွင် မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသိပညာပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဂျပန် လဆင်းယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရရှိခဲ့ဟု အာကာသအေဂျင်စီ ပြောကြား




**တိုကျို ဇန်နဝါရီ ၂၉**

ဂျပန်လဆင်းယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရရှိခဲ့ပြီး ၎င်းမှပေးပို့သည့် လ၏မျက်နှာပြင်ပေါ်မှ ပုံရိပ်များကိုလက်ခံရရှိခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီက ယနေ့ပြောကြားသည်။ အစောပိုင်းကာလတွင် လဆင်းယာဉ်၏ စွမ်းအင်ထုတ်ပေးရေးဆိုင်ရာ ခလုတ်ကို တာဝန်ရှိသူများက မြေပြင်ထိန်းချုပ်ရေးစခန်းမှ ပိတ်ထားခဲ့ပြီး ၎င်းယာဉ်အတွက် ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လဆင်းယာဉ်တွင် တပ်ဆင်ထားသည့် အထူးကင်မရာဖြင့် လမျက်နှာပြင်မှ သိပ္ပံဆိုင်ရာ အချက်အလက်များကို ရယူနိုင်ခဲ့သည်ဟု တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ လ၏ မျက်နှာပြင်မှ ကျောက်တုံးများ၏ ပုံရိပ်များကို ပညာရှင်များက သိပ္ပံပညာဆိုင်ရာ လေ့လာမှုများ ထပ်မံဆောင်ရွက်မည်ဖြစ်ပြီး ကျောက်တုံးများထဲမှ တစ်တုံးကို Toy Poodle ဟု အမည်ပေးခဲ့သည်။ လဆင်းယာဉ်သည် လ၏ မျက်နှာပြင်ပေါ်သို့ ဇန်နဝါရီ ၂၀ ရက်တွင် ဆင်းသက်နိုင်ခဲ့သောကြောင့် ဂျပန်နိုင်ငံသည် လပေါ်သို့ ဆင်းသက်နိုင်သည့် ပဉ္စမမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။

ဂျပန်လဆင်းယာဉ်သည် လ၏မျက်နှာပြင်ပေါ်သို့ တိကျစွာဆင်းသက်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လဆင်းယာဉ်သည် လ၏မျက်နှာပြင်ပေါ် ရောက်ရှိသည့်အချိန်တွင် နေရောင်ခြည်မရရှိခဲ့သဖြင့် လျှပ်စစ်ဓာတ်အား မထုတ်လွှတ်ပေးနိုင်ခဲ့ကြောင်းနှင့် ယင်းကဲ့သို့ဖြစ်ရခြင်းမှာ လ၏မျက်နှာပြင်သို့ မဆင်းသက်မီအချိန်တွင် ၎င်းတွင်ရှိသည့် အင်ဂျင်နှစ်လုံးအနက် တစ်လုံး ချို့ယွင်းခဲ့သောကြောင့်ဖြစ်သည်ဟု တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ အကယ်၍ လက်ရှိအချိန်တွင် လဆင်းယာဉ် မျက်နှာမူရာ အနောက်အရပ်မှ နေရောင်ခြည်ရရှိခဲ့ပါက လဆင်းယာဉ်အပြည့်အဝ ပြန်လည်အသက်ဝင်လာမည်ဟု သိရသည်။ ဂျပန်အာကာသအေဂျင်စီသည် လ၏ ဖြစ်တည်မှုဆိုင်ရာ အချက်အလက်များကို သုတေသနပြုရေး ကြိုးပမ်းနေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# ၂၀၂၄ ခုနှစ်တွင် ဆိုမာလီယာနိုင်ငံသား ၅ ဒသမ ၂ သန်းကို ကူညီရန် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ တောင်းခံထား

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၉**

၂၀၂၄ ခုနှစ်တွင် ဆိုမာလီယာနိုင်ငံရှိ လူဦးရေ ၅ ဒသမ ၂ သန်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ လိုအပ်ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ဆိုမာလီယာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူဦးရေသည် ၂၀၂၃ ခုနှစ်တွင် ၈ ဒသမ ၂၅ သန်းရှိခဲ့ကာ ၂၀၂၄ ခုနှစ်တွင် ၆ ဒသမ ၉ သန်းအထိ လျော့ကျသွားခဲ့မည်ဟု မျှော်လင့်ထားကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

မိုးခေါင်ရေရှားမှုနှင့် ရေကြီးမှု၊ ပဋိပက္ခဖြစ်ပွားမှု၊ ဆင်းရဲမွဲတေမှုနှင့် ရောဂါဖြစ်ပွားမှုများ အပါအဝင် ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် ဆိုမာလီယာနိုင်ငံတွင် လူသားချင်းစာနာမှု လိုအပ်ချက်သည် ၂၀၂၄ ခုနှစ်တွင် ဆက်လက်မြင့်မားနေလိမ့်မည်ဟု မျှော်လင့်ရကြောင်းလည်း မြို့တော် မိုဂါဒစ်ရှူးတွင် ထုတ်ပြန်ခဲ့သည့် လူသားချင်းစာနာမှုဆိုင်ရာ အချက်အလက်များအရ သိရသည်။

ဆိုမာလီယာနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများ သိသိသာသာ ပိုမိုဆိုးရွားလာခဲ့သည့် ခရိုင် ၁၀ ခုတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေး ပါလက်စတိုင်းပဋိပက္ခတွင် အမေရိကန်အစိုးရနှင့် အနောက်အုပ်စုများ၏ မုသားဆောင်သည့် သဘောထားရပ်တည်ချက်ကို တွေ့မြင်ရသည်ဟု အီရန်တာဝန်ရှိသူ ပြောကြား

**ဂျေရုဆလင် ဇန်နဝါရီ ၂၉**

ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို သုံးသပ်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ်နေသည် ဟူသည့် အမေရိကန်အစိုးရနှင့် အနောက်အုပ်စုများ၏ မုသားဆောင်သည့် သဘောထား ရပ်တည်ချက်ကို တွေ့မြင်နေရကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နေဆာကနာနီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အနောက်အုပ်စု နိုင်ငံများသည် ဂါဇာဒေသတွင် အစ္စရေးက ဆောင်ရွက်နေသည့် တိုက်ခိုက်မှုများကို ရပ်တန့်စေရေးကြိုးပမ်းအားထုတ်မှုများ မပြုလုပ်ဘဲ အဆိုပါ တိုက်ခိုက်မှုများကို အကူအညီ ပေးနေကြောင်း ယင်းက လူမှုမီဒီယာတစ်တာတွင် ထပ်လောင်းပြောကြားသည်။ ယင်းတိုက်ခိုက်မှုများကြောင့် လူ့အခွင့်အရေးအတွက် အကျိုးဆောင်နေသည်ဟူသည့် အမေရိကန်၏ ဟန်ဆောင်မျက်နှာဖုံးမှာ ဂါဇာဒေသတွင်တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ ကွာကျလာကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသ၌ ဒေသခံ ၁ ဒသမ ၉ သန်းခန့် အိုးအိမ်မဲ့ခဲ့ရပြီး ကလေးနှင့် အမျိုးသမီး ၁၈၀၀၀ ခန့် သေဆုံးခဲ့ရသည့်အတွက် အစ္စရေးကိုတိုက်ခိုက်မှုများအတွက် ပံ့ပိုးကူညီနေသည့် နိုင်ငံများမှာ လူမှုရေးကျင့်ဝတ်အရ စည်းကမ်းဖောက်ဖျက်ကြကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ယမန်နှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်အဖွဲ့ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဒေသခံ ၁၂၀၀ ခန့်သေဆုံးခဲ့ရပြီး လက်ရှိအချိန်အထိ ၎င်းပဋိပက္ခများအတွင်း သေဆုံးသူ အရေအတွက်မှာ ၂၆၄၂၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




# အမေရိကန်စစ်သင်္ဘော USS Lewis B. Puller အား ဟူသီအဖွဲ့က ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဆာနာ ဇန်နဝါရီ ၂၉**

အမေရိကန်စစ်သင်္ဘော USS Lewis B. Puller အား ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွအဖွဲ့က ယနေ့ပြောကြားသည်။

၎င်းစစ်သင်္ဘောသည် ယီမင်နိုင်ငံအား စစ်ရေးအရ ကျူးကျော်ရန်အတွက် ဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ရေးပစ္စည်းများပေးပို့နေသောကြောင့် ယခုကဲ့သို့ တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ဟူသီပြောရေးဆိုခွင့်ရှိသူ ယာယာဆယီယာက ပြောကြားသည်။ ဂါဇာကမ်းမြောင်တွင် အစ္စရေး၏ ပိတ်ဆို့ထားမှုကို အဆုံးသတ်သည်အထိ ဟူသီများသည် အစ္စရေးသင်္ဘောများကို တိုက်ခိုက်မည်ဖြစ်သည်ဟု သိရသည်။

ဟူသီတို့သည် အောက်တိုဘာလတွင် အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားပြီးကတည်းက ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့တွင် ကုန်တင်သင်္ဘောများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် အစ္စရေးနှင့်ဆက်နွှယ်နေသည့် သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်နှင့် ဗြိတိန်သင်္ဘောများကိုပါ တိုက်ခိုက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်ဝင်ငွေ ၂၀၂၃ ခုနှစ်တွင် အနည်းငယ် ကျဆင်းခဲ့

**ကိုလံဘို ဇန်နဝါရီ ၂၉**

၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၉ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**ပြောကြား**

၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုသည် ၉ ဒသမ ၅၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သီရိလင်္ကာနိုင်ငံ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က ပြောကြားသည်။

အခြားတစ်ဖက်တွင်မူ ဝန်ဆောင်မှုပစ္စည်းများ တင်ပို့မှု၏ ခန့်မှန်းတန်ဖိုးသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၆၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က ဆိုသည်။

သို့ရာတွင် အထည်အလိပ်၊ ရော်ဘာကုန်ကြမ်းပစ္စည်းများနှင့် ရော်ဘာကုန်ချောပစ္စည်းများ၊ အုန်းသီးနှင့် အုန်းသီးထွက်ပစ္စည်းများနှင့် ပင်လယ်စာများတင်ပို့မှုမှ ရရှိငွေများမှာလည်း လျော့နည်းသွားကြောင်း သိရသည်။

တစ်ချိန်တည်းတွင် လက်ဖက်၊ ဟင်းခတ် အမွှေးအကြိုင်၊ လျှပ်စစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ အစားအစာနှင့် အဖျော်ယမကာများတင်ပို့မှုမှ ဝင်ငွေများ တိုးလာကြောင်း သီရိလင်္ကာနိုင်ငံ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကြေးမုံ အယ်ဒီတာ့ထံပေးစာ

# တိုက်ပွဲတစ်ရာ နွှဲနိုင်ပါစေ၊ အောင်ပွဲတစ်ရာ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်း

**အယ်ဒီတာခင်ဗျား**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ကို တပ်မတော်စစ်ကြောင်းတွေက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး သောင်းကျန်းသူတွေ ဆုတ်ခွာထွက်ပြေးတဲ့သတင်းကို ကြားသိရလို့ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ တရားသော စစ်ပွဲအောင်မြင်မယ်၊ တပ်မတော်သားတွေကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက စောင့်ရှောက်၊ ကူညီနေမယ်၊ အောင်ပွဲနဲ့အတူ ပြန်လာမယ့် တပ်မတော်သားတွေကို ပြည်သူအားလုံးက သပြေပန်းနဲ့ လက်ကမ်းကြိုနေမယ်လို့ ယုံကြည်မိပါတယ်။

ဒ့ါအပြင် အွန်လိုင်းမှာ ဖတ်လိုက်ရတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့ကို ပြန်လည်ထိန်းချုပ်နိုင်တဲ့သတင်းတွေ၊ ကန့်ဘလူမြို့နယ်မှာ တပ်မတော်သားတွေကို ပြည်သူလူထုက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနေတဲ့ သတင်းတွေကြောင့် **“တိုက်ပွဲတိုင်းအောင်ပါစေကြောင်း”** ရှေ့တန်းရောက် တပ်မတော်သားတွေအတွက် ဇနီးမယားတွေ၊ မိသားစုတွေ၊ ပြည်သူတွေရဲ့ ဆုတောင်းတွေ၊ ဆန္ဒတွေ မကြာမီမှာ ပြည့်ဝတော့မယ်လို့လည်း ယုံကြည်နေပါတယ်။

အွန်လိုင်းမှာပဲ တွေ့လိုက်ရတဲ့ NUG ရဲ့ ပဲခူးရိုးမပေါ်က အုတ်ဂူတွေ။ ဘာတဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေဖြစ်တဲ့ ဒုတပ်ရင်းမှူး ကိုထက် (ခ) ထက်အောင်ကျော် (အသက် ၃၂)၊ ရဲဘော် ဂျက် (အသက် ၂၆)၊ ရဲဘော် တူးတူး (အသက်၂၉)၊ ရဲဘော် တက်တူး (အသက် ၃၀)၊ တပ်ရင်းမှူး ညီသန့် (အသက် ၄၄)၊ ရဲဘော် ဝတုတ် (အသက် ၂၉)၊ ဒုတပ်ခွဲမှူး စွန်ရဲ (အသက် ၄၀)၊ ရဲဘော် ဗေဒါ (အသက် ၂၉)၊ တပ်ခွဲမှူး သံချောင်း(ခ) သော်ဇင် စတဲ့၊ စတဲ့ သူတို့ရဲ့ အုတ်ဂူနီနီလေးတွေဟာ မိသားစုနဲ့ဝေးရာ၊ လူသူကင်းမဲ့ရာမှာ မြုပ်နှံသင်္ဂြိုဟ်ခံကြရတာချင်းအတူတူ PDF တွေရဲ့ သေဆုံးခြင်းဟာ တိုင်းပြည်အတွက် တစ်စက်ကလေးမှ တန်ဖိုးမရှိတဲ့၊ တန်ဖိုးမဲ့ သေဆုံးခြင်းဖြစ်သွားကြပြီလို့ ထင်မြင်မိပါတယ်။ သူတို့ရဲ့ မိသားစုတွေအတွက်လည်း သားသမီးချင်းစာနာပြီး ယူကျုံးမရဖြစ်မိ၊ ဝမ်းနည်းကြေကွဲမိပါတယ်။

CDM လုပ်သွားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ပတ်သက်ပြီး သတင်းထုတ်ဖို့ ဓာတ်ပုံ အရိုက်ခံတဲ့အချိန်မှာ ထောက်ပံ့ငွေ ဘယ်လောက်ဆိုပြီး ပေးအပ်တဲ့သတင်းတွ ထုတ်ပြန်ပေမယ့် တကယ့်လက်တွေ့ မြေပြင်မှာ ရက်ရက်စက်စက် သတ်ပစ်တာတွေ၊ ရှေ့တန်းမှာ အသေခံဖို့ သက်သက် တိုက်ပွဲဝင်ခိုင်းတာတွေကြောင့် နောင်တဆိုတာ နောင်မှ ရတတ်ပါတယ်။ သူတို့တောင် ရရစားစားနေရတဲ့ဘဝမှာ ဖြားယောင်းသွေးဆောင်မှုတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ မြင်တတ်ဖို့၊ နားမယောင်ဖို့လိုပါတယ်။ တဒင်္ဂပင်ပန်းဆင်းရဲမှုကြောင့် ကိုယ့်အဖွဲ့အစည်းကြီး ဂုဏ်သိက္ခာမကျစေဖို့လည်း သတိလေး ရှိစေချင်ပါတယ်။ ရန်သူဟာ ပရိယာယ်နဲ့ ဖြားယောင်းသွေးဆောင်မှာဖြစ်ပေမယ့် အသိတရားနဲ့ ဗဟုသုတရှိရင် ဘယ်သူမှ သွားရောက်ပူးပေါင်းမှာ မဟုတ်ပါဘူး။ ဒါဆို နောင်တလည်းရမှာ မဟုတ်ပါဘူး။ သူတို့လက်မှာ ခွေးသေ ဝက်သေ သေရခြင်းထက် ပစ္စတိုသေနတ်ရဲ့ နောက်ဆုံးကျည်ဆန်တစ်တောင့်ဟာ ကိုယ့်အတွက်ဆိုပြီး ရန်သူ့ထံ လက်နက်မချဘဲ သူရဲကောင်း ပီသသွားသူတွေရဲ့ ဘဝက အများကြီးမြတ်တာပေါ့။ ကမ္ဘာမြေပေါ်မှာလည်း သူတို့နဲ့ ပတ်သက်တဲ့ သတင်းစကားဟာ ထာဝရမွှေးပျံ့နေမှာ၊ ဂုဏ်သိက္ခာရှိနေမှာပါ။

**“ရဲစွမ်းသတ္တိရှိသော တပ်မတော်”**လို့ ဟိုး ငယ်ငယ်ကတည်းက မိဘ ၊ ဘိုးဘွားတွေ ပြောပြလို့ သိထားပြီးသားပါ။ တိုင်းပြည်အရေးမှာ နှစ်ပေါင်းများစွာ ပါဝင်ခဲ့ရတဲ့အတွက် အနောက်နိုင်ငံမီဒီယာတွေ အပါအဝင် မြန်မာ့တပ်မတော်ကို ပျက်စီးစေချင်တဲ့ မီဒီယာမျိုးစုံကြောင့် တပ်မတော်နဲ့ တပ်မတော်သားတွေရဲ့ ဂုဏ်သတင်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် တပ်မတော်သားတွေနဲ့ နီးနီးကပ်ကပ် ပေါင်းသင်းဆက်ဆံဖူးတဲ့သူတိုင်း တပ်မတော်သားတွေကို ချစ်ကြတယ်၊ အားကိုးမြတ်နိုးတန်ဖိုးထားကြတယ်ဆိုတာ ကျွန်တော်တို့အားလုံး အသိဆုံးပါ။

ကျွန်တော်တို့ တပ်မတော်ချစ်သူတွေအနေနဲ့ အခုဆို ဘယ်ပျော်ပွဲရွှင်ပွဲ၊ အခမ်းအနားမှ ကျင်းပတာ၊ တက်ရောက်တာ၊ လတ်လျားလတ်လျားလုပ်တာမရှိဘဲ တိုက်ပွဲသတင်းတွေ နားထောင်၊ တိုက်ပွဲအောင်မြင်တဲ့သတင်းတွေ ဖြန့်ဝေ၊ တိုက်ပွဲနဲ့ ပတ်သက်လို့ တစ်ထောင့်တစ်နေရာကပဲ ပါဝင်ဆောင်ရွက်နေပါတယ်။ ဒါမှ တိုက်ပွဲဝင်စစ်သည်တွေကို တန်ဖိုးထားရာ၊ လေးစားရာ ရောက်မယ်။ သူတို့တွေလည်း တိုက်ပွဲဝင်ရတာ အားရှိမယ်၊ သေရမယ်ဆိုရင်တောင် သေပျော်မယ်လို့ ယုံကြည်ပါတယ်။

တပ်မတော်သားတွေအနေနဲ့ ကိုယ့်ရဲ့ ခေါင်းဆောင်ကောင်းတွေနောက် သေချာ လိုက်ပါပြီး တိုက်ပွဲဝင်မယ်၊ ကိုယ့်ရဲ့ ရဲဘော် ရဲဘက်တွေနဲ့ သေအတူ ရှင်မကွာ စိတ်ထား ထားရှိကြမယ်ဆိုရင် တိုက်ပွဲတိုင်းအောင်မြင်မှာပါ။ တစ်လ၊ နှစ်လ စစ်သင်တန်းလောက်တက်ထားတဲ့၊ လက်နက်ကိုင်ထားလို့သာ သတ္တိပြတတ်တဲ့ သောင်းကျန်းသူ သူပုန်လောက်၊ PDF အကြမ်းဖက်အဖွဲ့တွေလောက်တော့ **“စွမ်းရင် တောင့်ခံထား၊ ငါတို့ လာပြီ”**လို့ ကြွေးကြော်ပြီး တိုက်ပွဲတစ်ရာ နွှဲနိုင်ပါစေ၊ အောင်ပွဲတစ်ရာ ရရှိပါစေကြောင်း အထပ်ထပ်အခါခါ ဆုမွန်ကောင်းတောင်းလျက်။

**မျိုးချစ်သူ**
**မန္တလေးမြို့**

# စစ်ကိုင်းမှ မန္တလေးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ် 8D/7664 နှင့် 4F/4178 ကုန်တင်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် မြန်မာ့မီးရထား ဌာနပိုင် ရထားသံလမ်းနှင့် သံလမ်းထိန်းကလစ်များအား လုံခြုံရေးပူးပေါင်းအဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် ရတနာပုံတံတားအဆင်း အမရပူရမြို့နယ်အတွင်း သိမ်းဆည်းရမိကြောင်း သိရသည်။

**အမှုဖွင့်ဆောင်ရွက်လျက်ရှိ**

သိမ်းဆည်းရမိသည့် ဌာနပိုင်ပစ္စည်းများမှာ ၇၅ ပေါင် ရထားသံလမ်း အရှည်၊ အတို ဆိုဒ်မျိုးစုံ ၁၇၁ ချောင်း စုစုပေါင်းအရှည် ၅၂၄ ပေနှင့် ရထားသံလမ်းထိန်းကလစ် ၃၆၀၀ ဖြစ်ပြီး ကာလတန်ဖိုး ငွေကျပ် ၁၁ သိန်းခန့်ဖြစ်သည်။ ဖမ်းဆီးရမိတရားခံ သုံးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသည့် ၇၅ ပေါင် ရထားသံလမ်း အရှည်၊ အတိုဆိုဒ်မျိုးစုံ ၁၇၁ ချောင်း စုစုပေါင်းအရှည် ၅၂၄ ပေ။



မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသော ဖမ်းဆီးရမိသည့် ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mg Naing Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက်နေ ဖိုးကြီး(ခ) တင်ထွန်းနိုင်အား မွန်းလွဲ ၁ နာရီတွင် ထုံးဖိုမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

**ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကော်မတီ တစ်ဦး၊ အမျိုးသမီးဘောလုံး ကော်မတီ တစ်ဦး၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ တစ်ဦး၊ စုစုပေါင်း ၁၉ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။ ယင်းရွေးချယ်ခံမည့် နေရာများအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရန် လျှောက်လွှာများကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးတည်ရှိရာ (Goal Hotel ဝေဇယန္တာလမ်း သုဝဏ္ဏ သဃ်္ဃန်းကျွန်းမြို့နယ်) ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း ကိုယ်တိုင်လာရောက်ထုတ်ယူ၊ တင်သွင်းနိုင်မည်ဖြစ်သည်။

ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရန် လျှောက်လွှာပုံစံများကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၃ နာရီ နောက်ဆုံးထား၍ ရွေးကောက်ပွဲကော်မရှင်ရုံးခန်းသို့ ကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင် ဖုန်း–၀၉–၂၆၆၀၇၁၄၁၀၊ ၀၉–၉၇၆၅၀၃၂၀၁၊ ၀၉–၅၀၃၅၁၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆမ်ဆိုင်း(က) ရပ်ကွက်ရှိ မိုဘိုင်းဖုန်းဆိုင်တွင် တရားမဝင်လက်နက်ကိုင်ဆောင်သည့်အဖွဲ့တစ်ဖွဲ့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို ပစ္စတိုသေနတ် လေးလက်၊ ၎င်းကျည်အိမ် ခုနစ်ခု၊ ကျည် ၆၂ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသား နှစ်ဦးမှာ ပီကျိုင်း(ခ)ပန်နစ်ပက်ထွန်(ခ)ကိုးကယ်(ခ)စိုင်းအောင်မိုင်းနှင့် နိုင်းအာနုချေချာဘာဂမ်း တို့ဖြစ်ပြီး ပီကျိုင်းသည် ထိုင်းနိုင်ငံ ပြစ်မှုဆိုင်ရာတရားရုံးမှ ၂၀၂၂ ခုနှစ်တွင် မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးဖြစ်သည့်အပြင် မြန်မာနိုင်ငံ တာချီလိတ်ခရိုင်တရားရုံးကလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ငါးဦးမှာ ကျော်အေးထွန်း(ခ)ကျော်ထွန်းအေး၊ စံမိန်း၊ စိုင်းခမ်းလောင်၊ စိုင်းဆေခမ်းနှင့် ညီနပ်တို့ဖြစ်ပြီး ၎င်းတို့အနက် ကျော်အေးထွန်း(ခ)ကျော်ထွန်းအေးသည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရမ်းဗြဲမြို့ လူနေရပ်ကွက်များကို တပ်မတော်က ဓာတုအဆိပ်ငွေ့သုံး၍ တိုက်ခိုက်ခဲ့ကြောင်းနှင့် မြောက်ဦးမြို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူအချို့ သေဆုံးဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ လူနေရပ်ကွက်များကို တပ်မတော်က ဓာတုအဆိပ်ငွေ့ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် ရမ်းဗြဲမြို့အား ဝင်ရောက်တိုက်ခိုက်နေသည့် AA သောင်းကျန်းသူများကို ထိရောက်သော လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ AA သောင်းကျန်းသူများအနေဖြင့် ထိခိုက်ကျဆုံးမှု များပြားလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ်မရှိကြတော့သဖြင့် တပ်မတော်က အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန်လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများအားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မျှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း အကြိမ်ကြိမ် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။







အလားတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို ဇန်နဝါရီ ၂၇ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ လေးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိကာ နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က AA သောင်းကျန်းသူများသည် မြောက်ဦးမြို့ကို Drone ဖြင့်လာရောက်တိုက်ခိုက်ခဲ့ရာ လူနေအိမ်များပေါ်သို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် AA သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန်သတင်းများဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန် တို့အတွက် သတင်းမှားများကို လူမှုကွန်ရက်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မတ္တရာမြို့နယ်အတွင်း ကျေးရွာနှစ်ရွာနှင့် ရေစကြိုမြို့ ကြူကျေးရွာအား တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း စစ်ကြောင်းထိုးနေသည့် တပ်မတော်က ဇန်နဝါရီ ၂၈ ရက်နံနက် ၆ နာရီခန့်တွင် သမင်ခြံကျေးရွာနှင့် သူဌေးကုန်းကျေးရွာ နှစ်ရွာကို မီးရှို့ဖျက်ဆီးပြီး ပြည်သူ လေးဦးကို ဖမ်းဆီးထားသည်ဟု မဟုတ်မမှန် သတင်းမှားများ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံများနှင့် သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သမင်ခြံကျေးရွာနှင့် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်က နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက လူနေအိမ်အချို့ကို မီးရှို့ဖျက်ဆီးထွက်ပြေးသွားသဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဇန်နဝါရီ ၂၈ ရက်တွင်လည်း ရေစကြိုမြို့နယ် ကြူကျေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိအခြေပြု၍ လူသစ်စုဆောင်းခြင်း၊ အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံတစ်ဦးက သတင်းပေးပို့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက ကြူကျေးရွာအား မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်







## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၅၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၃၅ | ၂၈၃၅ | ၂၈၅၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၉၀ | ၂၇၉၀ | ၂၇၉၀ | ၃၀၂၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၅ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြား

ရန်ကုန် ဇန်နဝါရီ ၂၉

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ ယနေ့ နံနက် ၉ နာရီက စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **ကိုထက်**



## ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေး စစ်ဆေးဆောင်ရွက်

ညောင်တုန်း ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မီးဘေးလုံခြုံရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အသိပညာပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၉



သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၁၁၃ ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ ခုနစ်ဦး စုစုပေါင်း ၁၂၀ တို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး "နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ" Video Clip ကို ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ဝန်ထမ်းအဆိုရှင်များက လည်းကောင်း၊ လေ့လာရေးအဖွဲ့မှ ဆရာတစ်ဦးနှင့် ကျောင်းသား ကျောင်းသူလေးဦးတို့က လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း အဆိုရှင်များနှင့် လေ့လာရေးအဖွဲ့တို့ ပူးပေါင်း၍ "တောင်ယာဝင်ချိန်နှင့် မနောမြေမှ တေးသံသာ" တေးသီချင်းများဖြင့် စုပေါင်း၍ လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ News Channel Studio နှင့် Farmers' Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး လေ့လာရေးအဖွဲ့အား Office Canteen တွင် လက်ဖက်ရည်နှင့် မုန့်များဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်းတွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ လေ့လာရေးအဖွဲ့များ၏ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအပေါ် စိစစ်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများသည် စိန်ရတုပြတိုက်ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

## ဟင်္သာတမြို့နယ်၌ ခရိုင်အဆင့်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်

ဟင်္သာတ ဇန်နဝါရီ ၂၉



ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက် အင်ပိုလမ်းရှိ ဟင်္သာတခရိုင် မီးသတ်စခန်း အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူးကိုယ်စား ယာယီတာဝန်ခံ ဦးစီးအရာရှိ ဦးရန်လင်းထွဋ်က မီးသတ်တပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်ကြီး(၄)ရပ် ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး စသည့်လေ့ကျင့်မွမ်းမံရေးသင်တန်းများ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဦးရဲနောင်ဝင်းက ရှာဖွေကယ်ဆယ်ရေးသင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်ခဲ့ရာ အားလုံးကိုယ်စား သင်တန်းသား တစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ၂၃ ရက်အထိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်အတွင်းရှိမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဖြင့် စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သဃ်္ဃန်းကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

သဃ်္ဃန်းကျွန်း ဇန်နဝါရီ ၂၉

သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက သဃ်္ဃန်းကျွန်းမြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် သဃ်္ဃန်းကျွန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသီဟဇော် ဦးဆောင်၍ ရန်အောင်ရပ်ကွက်အတွင်းရှိ ပြည်သူများ မီးလန့်မှု/ မီးလောင်မှုများ မဖြစ်ပေါ်စေရေး မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများစစ်ဆေးခြင်း၊ မီးသုံးစွဲရာတွင် ဆောင်ရန်ရှောင်ရန်များ စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **သိန်းအောင်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## သာပေါင်းမြို့နယ်၌ ရေချိုငါးများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

သာပေါင်း ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏လမ်းညွှန်မှုဖြင့် သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်များ ပူးပေါင်း၍ ပြည်သူများအား သန့်ရှင်းလတ်ဆတ်သော ရေချိုငါးများ ဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်ရေးအတွက် ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီက (သီရိရွှေသာဈေး) မြို့မဈေးရှေ့၌ ရောင်းချသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ပိဿာချိန် ၃၂၅ ပိဿာကို ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ဝယ်လိုအားကောင်းသဖြင့် နှမ်းဈေးကွက်အရောင်းသွက်

**မကွေး ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးသည့်သီးနှံတွင် တစ်ခုအပါအဝင်ဖြစ်သည့် နှမ်းသီးနှံကို ၁၂၅၉၄၅၈ ဧကအထိ စိုက်ပျိုးကြသည်။ စိုက်ပျိုးသည့်ဧကများသလို ထွက်ရှိသည့် သီးနှံလည်းများသည်။ နှမ်းသီးနှံကို ရောင်စုံစိုက်ပျိုးကြသလို နှမ်းမျိုးကွဲများစွာလည်း ဒေသအလိုက် စိုက်ပျိုးကြသည်။ ထွက်ရှိသည့်နှမ်းများမှာ နှမ်းနက်(စမုန်)၊ နှမ်းနက်(ရိုးရိုး)၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဖြူ အစရှိသကဲ့သို့ နှမ်းရောင်ကွဲများလည်းပါရှိသည်။

နှမ်းနက်(စမုန်)ကို အောင်လံနယ်တစ်ဝိုက်တွင် အဓိကစိုက်ပျိုးကြပြီး နှမ်းနက်(စမုန်)ရောင်းဝယ်ဖောက်ကားရာ နေရာလည်းဖြစ်သည်။ နှမ်းနက်(စမုန်)ကို တရုတ်မှဝယ်လိုအားကောင်းနေ၍ ယခုရက်ပိုင်းတွင် ဈေးမြင့်တက်လာကာ ကျန်နှမ်းများလည်း ဆီစက်လုပ်ငန်းရှင်များ၏ ဝယ်လိုအားကြောင့် ဈေးအနည်းငယ်မြင့်တက်လာသည်။ နှမ်းနက်(စမုန်)ကို အောင်လံမြို့နယ်ရှိ ကျေးရွာများမှလည်းကောင်း၊ တောင်တွင်းကြီး၊ ပြည်တို့မှလည်းကောင်း လာရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပြီး ဈေးကွက်ထဲသို့ တစ်ရက်လျှင် ၂၅ ပိဿာဝင်အိတ် ၁၀၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

နှမ်းဈေးနှုန်းများအနေဖြင့် ဇန်နဝါရီလ ပထမပတ်တွင် နှမ်းနက် (စမုန်) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၄၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းနက် (စမုန်) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ တတိယပတ်တွင် နှမ်းနက် (စမုန်) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၆၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် နှမ်းနက် (စမုန်) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် ကျပ် ၃၆၅၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၀ ဈေးတို့ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

# ကျောက်ဆည်ခရိုင်၌ ကြက်သွန်နီမျိုးစေ့စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စိုက်ပျိုးရေးအခြေခံ၍ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်သီးနှံကို မြစ်သားမြို့နယ်တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ကြက်သွန်သီးနှံစိုက်ပျိုးရန် မျိုးစေ့အတွက် တောင်သူများက မျိုးစေ့ထုတ် ကြက်သွန်နီများကို သီးသန့်စိုက်ပျိုးကြပြီး ကြက်သွန်မျိုးစေ့ထုတ် စိုက်ပျိုးရန်အတွက် တစ်ဧကလျှင် မျိုးကောင်းမျိုးသန့် ဥချောမျိုး ပိဿာ ၆၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ထုတ် ကြက်သွန်နီဥများကို ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြ၍ စိုက်ပျိုးပြီး လေးလအကြာ ဧပြီလတွင် မျိုးစေ့(မျိုးနှံ)များကို စတင်ရိတ်သိမ်းရကြောင်း၊ ကြက်သွန်မျိုးစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀၀-၂၀၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် ကြက်သွန်နီမျိုးစေ့စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ကျောက်ဆည်ခရိုင်အနေဖြင့် ကြက်သွန်နီမျိုးစေ့များကို စီးပွားဖြစ်ရောင်းချရန် စိုက်ပျိုးခြင်းမဟုတ်ဘဲ ဒေသတွင်း ကြက်သွန်နီ စိုက်ပျိုးတောင်သူများက မျိုးအတွက်သော်လည်းကောင်း၊ တောင်သူပွဲစားများက မျိုးပြန်လည်ရောင်းချရန်အတွက်သော်လည်းကောင်း လာရောက်ဝယ်ယူကြကြောင်း ကြက်သွန်နီမျိုးစေ့စိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် ဇန်နဝါရီ ၂၉**

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အတွင်း ငါးမှုန့် တစ်တန်လျှင် ၉၁၇ ဒေါ်လာနှုန်းဖြင့် တန် ၁၅၉၀၊ ငါးဆီ တစ်တန်လျှင် ၆၀၆ ဒေါ်လာနှုန်းဖြင့် ၂၈ တန်နှင့် ငါးကြိတ်သားတစ်တန်လျှင် ၁၈၅၈ ဒေါ်လာနှုန်းဖြင့် ၁၈ တန်ကို အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက် ၂၇ ရက်အတွင်း ဒီဇယ်ဆီတစ်တန်လျှင် ၈၂၉ ဒသမ ၄ ဒေါ်လာနှုန်းဖြင့် တန် ၄၇၀၀၊ ဓာတ်ဆီ တစ်တန်လျှင် ၈၈၁ ဒေါ်လာနှုန်းဖြင့် တန် ၃၀၀၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၃၈ ဒသမ ၅၆၀၁ ကီလိုဂရမ်နှင့် လုပ်ငန်းသုံးပစ္စည်း ၈၆၁ ဒသမ ၆၈၅ ကီလိုဂရမ် ၊ အခု ၄၀၀၊ ပုစွန်စာ ကီလိုဂရမ် ၁၅၀ ကို တင်သွင်းခဲ့သည်။

# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မော်တောင် ဇန်နဝါရီ ၂၉**

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၉၁ ဒသမ ၈၂ တန်၊ ဂျင်းခရုအရှင် ၁၁ ဒသမ ၄ တန်၊ ရွှံ့ကဏန်းအရှင် ၂ ဒသမ ၈ တန်၊ အေးခဲကင်းမွန် ၆ ဒသမ ၅ တန်၊ ကဏန်းအသေ ၁၂ ဒသမ ၃ တန်၊ ရေချိုပုစွန် သုည ဒသမ ၇၅ တန်၊ ကင်းမွန်ပြုတ်ခြောက် သုည ဒသမ ၅ တန်၊ ရေခူဆားနယ် ၁၁ ဒသမ ၇ တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၈ တန်၊ ကျောက်ပုစွန်အရှင် ၁ ဒသမ ၂၈ တန်၊ ငှက်ပျောသီး ၉၅ တန်၊ ငရုတ်သီးစိမ်း ၇၁ ဒသမ ၉၃၈ တန်၊ ကြက်သွန်နီ ၆၈ တန်၊ ခရိုဖက် ၅၄ တန်နှင့် တံမြက်စည်း အခု ၃၉၀၀၀ တင်ပို့နိုင်ခဲ့သည်။

အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၅၄ တန်၊ ဂျစ်ပဆမ်ကျောက်ပြား (Gypsum Board) ၁၂၈ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်၊ A4 Paper ၄၈ တန်၊ PVC Floor နှစ်တန်၊ ဖိနပ် အရန် ၁၂၀၀၀ နှင့် ကြွေပြား စတုရန်းမီတာ ၄၀၀၀ ဖြစ်သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ ငါးမျိုးစုံ ၁၀၂၄ ဒသမ ၉၂ ဒေါ်လာ၊ ဂျင်းခရုအရှင် ၁၅၂၆ ဒသမ ၃၂ ဒေါ်လာ၊ ရွှံ့ကဏန်းအရှင် ၃၈၅၇ ဒသမ ၁၄ ဒေါ်လာ၊ အေးခဲကင်းမွန် ၁၇၆၉ ဒသမ ၂၃ ဒေါ်လာ၊ ကဏန်းအသေ ၁၂၉၂ ဒသမ ၆၈ ဒေါ်လာ၊ ရေချိုပုစွန် ၈၉၃၃ ဒသမ ၃၃ ဒေါ်လာ၊ ကင်းမွန်ပြုတ်ခြောက် ဒေါ်လာ ၄၄၀၀၊ ရေခူဆားနယ် ၁၈၉၇ ဒသမ ၄၄ ဒေါ်လာ၊ ပုစွန်ငါးပိ ၁၇၄၁ ဒသမ ၃၈ ဒေါ်လာ၊ ကျောက်ပုစွန်အရှင် ၂၅၅၄၆ ဒသမ ၈၈ ဒေါ်လာ၊ ငှက်ပျောသီး ၃၁၁ ဒသမ ၅၈ ဒေါ်လာ၊ ငရုတ်သီးစိမ်း ၈၀၂ ဒသမ ၀၈ ဒေါ်လာ၊ ကြက်သွန်နီ ၃၉၅ ဒသမ ၅၉ ဒေါ်လာ၊ ခရိုဖက် ၁၃၅ ဒသမ ၁၉ ဒေါ်လာနှင့် တံမြက်စည်း တစ်ချောင်းလျှင် သုည ဒသမ ၂၀၅ ဒေါ်လာဖြစ်သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ အဓိကတင်သွင်းလျက်ရှိသည့် သွင်းကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ သစ်သီး ၂၅၃ ဒသမ ၇ ဒေါ်လာ၊ ဂျစ်ပဆမ်ကျောက်ပြား (Gypsum Board) ၁၇၃ ဒသမ ၄၄ ဒေါ်လာ၊ ငါးသေတ္တာဘူးခွံ ၃၄၀ ဒေါ်လာနှုန်း၊ A4 Paper ၁၃၀၆ ဒသမ ၂၅ ဒေါ်လာနှုန်း၊ PVC Floor ၅၅၀ ဒေါ်လာနှုန်း၊ ဖိနပ် တစ်ရန်လျှင် သုည ဒသမ ၁၂ ဒေါ်လာနှုန်း၊ ကြွေပြား တစ်စတုရန်းမီတာလျှင် ၂ ဒသမ ၄၅ ဒေါ်လာနှုန်းဖြစ်သည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၂၉.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇဝိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၈၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၆၉၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၆၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၆၃၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၂၀၀ | ၃၄၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၅၇၅ | ၁၈၀၀၀ | ၃၅၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၈၁၀ | ၁၄၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၅၅၀၀ | ၁၃၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၅၅၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၂၅၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

## ဘားအံမြို့နယ်၌ နွားမွေးမြူရေးလုပ်ငန်းအတွက် မတည်ထောက်ပံ့ငွေပေးအပ်

ဘားအံ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် အတွင်း သမဝါယမလူမှုစီးပွား မြှင့်တင်ရေး Pilot Project(ရှေ့ပြေးစမ်းသပ် စီမံကိန်း)အဖြစ် ဘားအံမြို့နယ် ဒူရိန်ကျေးရွာ ဘဝအောင်မြင်မှု စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းမှ အသင်းသားများ နွားများ မွေးမြူနိုင်ရန်အတွက် မတည် ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ ပေးအပ်ပွဲကို မြို့နယ်သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



